ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ တနင်္လာနေ့။ Monday, 13 January 2025 ၁၁၇၀၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားပွဲတော်သို့ ခရီးသွားအများအပြားဝင်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၂

ပုဂံရှေးဟောင်းယဉ်ကျေးမှု ဒေသတွင် နှစ်စဉ်ပြာသိုလပြည့်နေ့၌ ကျင်းပသည့်အာနန္ဒာဘုရားဗုဒ္ဓပူဇနိယပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများနှင့် ပြည်ပခရီးသွားများ အများအပြား ဝင်ရောက်လျက်ရှိကြောင်း သိရသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ဘုရားဖူးကားများကို တွေ့ရစဉ်။

### ဘုရားဖူးပြည်သူများဖြင့် စည်ကား

အာနန္ဒာဘုရားပွဲတော်၏ (၉၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို အဖိတ်၊ လပြည့်နေ့နှင့် လဆုတ်(၁)ရက်တို့တွင် ကျင်းပလေ့ရှိပြီး လယ်ယာထွက်ကုန်ပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းဆိုင်များ၊ ပုဂံဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းဆိုင်နှင့် အဝတ်အထည်ဆိုင်များစသည်ဖြင့် စျေးဆိုင်ခန်းပေါင်း ၁၂၀ ပါဝင်ရောင်းချလျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★

## ယနေ့ ဖတ်စရာ

### ရှေးဟောင်းဝတ္ထုပစ္စည်းများအား နိုင်ငံတော်သို့ အပ်နှံပါက ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်လျက်ရှိ



ဆောင်းပါး စာမျက်နှာ » ၆

### (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများဖွင့်ပွဲအခမ်းအနားကျင်းပ

စာမျက်နှာ » ၉

### ဆိုရှယ်မီဒီယာခေတ်တွင် အသုံးပြုသူတိုင်း သိသင့်သိထိုက်သည့် ကျင့်ဝတ်စည်းကမ်း

ဆောင်းပါး စာမျက်နှာ » ၁၁

### ကန့်ဘလူမြို့နယ်၌ လယ်ယာမြေဧက ၁၀၀ ကို စက်မှုလယ်ယာမြေအဖြစ် စနစ်တကျဖော်ထုတ်မည်

စာမျက်နှာ » ၁၅

### အထွေထွေသုံးနည်းပညာများ၏ ပါဝါပြန်လည်ဖြန့်ဝေနိုင်စွမ်းနှင့် ၂၁ ရာစု နည်းပညာများ

နည်းပညာနှင့် သုတကမ္ဘာ စာမျက်နှာ » ၂၃

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၂

| | | | | |
|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | သုည | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | သုည | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ | သုည | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ရွှေ | ၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၁၂

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြုဗဟိုကျောင်း ကျောင်းထိုင်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရဉာဏနှင့် သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ အလှူငွေကျပ်သိန်း၃၀၊ ဆန်အိတ် ၅၀ နှင့် စားဆီငါးပုံးတို့ကို လှူဒါန်းသည်။ ဆက်လက်၍ မချမ်းဘော့မြို့နယ်အတွင်း တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံပြုပြင် မွမ်းမံနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပူတာအိုမြို့နယ်အတွင်းရှိ တပ်နယ် ဧက ၅၀၀ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ)၌ သီးပင်စားပင် စိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း ပြန်လည်ရောင်းချပေးနိုင်သည့် အခြေအနေများကို မေးမြန်းဆွေးနွေးကာ မွေးမြူရေးအထောက်အကူပြု ဆေးဝါးများနှင့် စွမ်းအားပြည့် ဖြည့်စွက်အစာအိတ်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက ပူတာအိုဒေသဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို လည်းကောင်း တင်ပြကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မချမ်းဘော့မြို့နယ်အတွင်း တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင်ကောင်းမှုလုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပူတာအိုမြို့နယ်အတွင်းရှိ တပ်နယ် ဧက ၅၀၀ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ)တွင် မွေးမြူရေးအထောက်အကူပြုဆေးဝါးများနှင့် စွမ်းအားပြည့် ဖြည့်စွက်အစာအိတ်များ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဘာသာရေးအဖွဲ့ ၁၃ ဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

❂ စာမျက်နှာ ၃ မှ

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်း စေရန်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွား ဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပူတာအိုဒေသခံများအနေဖြင့် ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဝမ်းစာဖူလုံအောင်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ဘာသာရေးအဖွဲ့ ၁၃ ဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘော့မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် DTH စလောင်း အစုံ ၃၀၊ တောင်သူများအတွက် အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့အိတ်များ၊ အိမ်သုံး ဆိုလာအစုံ ၅၀၊ နိုင်ငံတော်မှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဒေသထွက် အသင့်စားထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ ပူတာအိုမြို့ဖုန်ကန်ရာဇီခန်းမ၌ ခင်းကျင်းပြသထားသည့် ဒေသထွက် အသင့်စားထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ပူတာအိုမြို့မ ရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပစ္စည်းများနှင့် အားကစားအထောက်အကူပြု ပစ္စည်းများ ပေးအပ်ချီးမြှင့်၍ သင်တန်းကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယမန်နေ့ ညနေပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခါကာဘိုရာဇီရိပ်သာ ဧည့်ခန်းမဆောင်၌ ပူတာအိုဒေသအတွင်းရှိ ဘာသာရေး အသင်းအဖွဲ့များမှ ခေါင်းဆောင်များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့ဟင်ဒီနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဟင်ဒီနေ့အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံး Swami Vivekananda ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

အခမ်းအနားသို့ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ၊ ဟင်ဒီဘာသာစကားကို စိတ်ဝင်စားကြသော ဝါသနာရှင်များ၊ စာရေးဆရာများ၊ UP Bihar Parishad၊ Ramayana Prachar Prasar Samiti, Yangon၊ Myanmar Hindi Teachers' Association၊ Arya Samaj နှင့် ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ကြီးမှူးသော ကျောင်းများမှ တာဝန်ရှိသူများနှင့် ကျောင်းသားများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Shri Abhay Thakur နှင့် ဧည့်သည်တော်များက အခမ်းအနားကို ဆီမီးထွန်းဖွင့်လှစ်ကြပြီး သံအမတ်ကြီး Shri Abhay Thakur က မိန့်ခွန်း ပြောကြားသည်။

ထို့နောက် ဟင်ဒီဘာသာဖြင့် ကဗျာရွတ်ဆိုခြင်း၊ ဟောပြောခြင်း၊ အထွေထွေဗဟုသုတ ပဟေဠိများနှင့် စာစီစာကုံးရေးသားခြင်း၊ ကျောင်းသားများနှင့် ဆရာများပါဝင်သော ပြိုင်ပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ကြပြီး "Hindi: Vishwa bandutav ki bhasha" စာအုပ်မိတ်ဆက်အစီအစဉ်ကို ဆောင်ရွက်သည်။

ယင်းနောက် သံအမတ်ကြီး Shri Abhay Thakur က မြန်မာနိုင်ငံရှိ ဟင်ဒီဘာသာစကား သင်ကျောင်းများအတွက် ဖတ်စာအုပ်များကို ပေးအပ်ပြီး ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



★ ရှေ့ဖုံးမှ

"အာနန္ဒာဘုရားပွဲတော်ကာလမှာ ပဋ္ဌာန်းပူဇော်နေပြီး ပြာသိုလပြည့်နေ့မှာ သံဃာတော်အပါး ၂၅၀ ကို အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြမှာပါ။ ရှေးကနေ အခုချိန်အထိ အစဉ်အလာမပျက်ကျင်းပခဲ့တဲ့ ယဉ်ကျေးမှုအမွေတစ်ခုဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်းသွားမှာပါ။" ဟု အာနန္ဒာဘုရား ဂေါပကဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

အာနန္ဒာဘုရားပွဲတော်ချိန်တွင် နွားလှည်းများဖြင့် ဘုရားဖူးလာရောက်ကြသည့် အညာဒေသ၏ ဓလေ့ကို ပြည်ပခရီးသွားများက အထူးစိတ်ဝင်စား လေ့လာလေ့ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ပုဂံဒေသရှိ အထင်ကရ ဘုရား၊ စေတီ ၁၈ ဆူတွင် ပွဲတော်များ နှစ်စဉ်ကျင်းပလေ့ရှိပြီး အာနန္ဒာဘုရားပွဲတော်သည် ထင်ရှားသည့် ပွဲတော်တစ်ခုဖြစ်ပြီး ပြာသိုလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အစည်ကားဆုံးဖြစ်ကာ ယမန်နှစ်ပွဲတော်ကာလ အဖိတ်၊ လပြည့်နှင့် လဆုတ်နေ့တို့တွင် ခရီးသွား ၄၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ဓာတ်ပုံ - ကနူး**
**ညိမ်းသူ(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## စာပေအနုသုခုမလက်ရာများနှင့် သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကို ညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်သဖြင့် ယင်းအဆောက်အအုံတွင် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့်ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေဆိုင်ရာအမွေအနှစ် ရှေးဟောင်းပစ္စည်းတို့ကို အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) စာကြည့်တိုက်မှူး စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် (ရန်ကုန်) အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁၈-၃၈၀၄၄၇

(၂) စာကြည့်တိုက်မှူး စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး) အမှတ် (၁၅၉)၊ ၈၆ လမ်း၊ ၂၁ x ၂၂ လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(၃) စာတည်း စာပေဗိမာန်ရုံးခွဲ၊ နေပြည်တော်ရုံးချုပ် ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၂၄၁၀

○

## မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂



ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသော မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး (၁/၂၀၂၅)သို့ တက်ရောက်သည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆေးကောင်စီ၏ လက်ရှိအလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ဒုတိယလေးနှစ်တာသက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သဖြင့် မကြာမီကာလအတွင်း တတိယလေးနှစ်တာကာလ အလုပ်အမှုဆောင်အဖွဲ့ဝင်အသစ်များ ရွေးချယ်သွားရမည်ဖြစ်ရာ မြန်မာနိုင်ငံဆေးကောင်စီဥပဒေနှင့် အညီ မိမိတို့ ဆေးပညာရပ်ပိုင်းဆိုင်ရာ အကျိုးအတွက် ကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များကို သေချာစွာ ရွေးချယ်သွားကြရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများ လိုက်နာစောင့်ထိန်းရေးကို ကြပ်မတ် ထိန်းသိမ်းပေးရန်အတွက် အရေးကြီးသောအဖွဲ့အစည်းကြီးဖြစ်ပြီး ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကို မှန်ကန်စွာဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကကဏ္ဍမှပါဝင်နေကြောင်း၊ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်အေးက မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဒုတိယလေးနှစ်တာကာလအတွင်း ဆောင်ရွက်ထားရှိမှုနှင့် တတိယလေးနှစ်တာကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးကောင်စီနာယက ဒေါက်တာအက်စ်ကျော်လှနှင့် တက်ရောက်လာကြသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နာယကအဖွဲ့ဝင်များက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဂါရဝပြုဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဂါရဝပြုဂုဏ်ပြုခြင်း အစီအစဉ်အဖြစ် သတင်းစာပညာရှင်ကြီး ၁၂ ဦးအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ဂါရဝပြုချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီတို့ကို သတင်းမီဒီယာကောင်စီဝင်များက ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အိမ်တိုင်ရာရောက် ဂါရဝပြုပေးအပ်လှူဒါန်းသည်။

ဇန်နဝါရီ ၁၁ ရက်တွင် အသက် ၁၀၅ နှစ်ရှိ ခေတ်အဆက်ဆက် သတင်းစာဆရာကြီး ဦးဆိုက်ကျင်အား ၎င်း၏နေအိမ်တွင် လှူဒါန်းခဲ့ပြီး အသက် ၉၅ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဆရာကြီး ဦးမြတ်သူ၊ အသက် ၈၃ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဆရာဦးမျိုးမြင့်၊ အသက် ၉၀ ရှိ သတင်းစာပညာရှင်ကြီး ဟန်ဂေရီ ဦးကိုကိုကြီး၊ အသက် ၉၀ ရှိ သတင်းစာပညာရှင်ကြီး ဆရာဦးစဝ်ကိုင်ဖ၊ အသက် ၈၃ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးလှထွန်း (လှထွန်း-တွံတေး) တို့အား ဂါရဝပြုလှူဒါန်းသည်။

ဇန်နဝါရီ ၁၂ ရက်တွင် အသက် ၈၃ နှစ်ရှိသတင်းစာပညာရှင်ကြီး ဦးလှမြင့်၊ အသက် ၈၈ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးဌေးကြည်၊ အသက် ၈၁ နှစ်ရှိသတင်းစာပညာရှင်ကြီး ဦးသောင်းမြင့်၊ အသက် ၉၂ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးမြသိန်း၊ အသက် ၈၃ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးစိန်ရွှေလှိုင်နှင့် အသက် ၈၅ နှစ်ရှိ သတင်းစာပညာရှင်ကြီး ဦးသန်းအောင် (သန်းအောင်နိုင်)တို့အား မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များက ဂါရဝပြုလှူဒါန်းကြသည်။



ယခုကဲ့သို့ ဂါရဝပြုချီးမြှင့်နိုင်ရန်အတွက် ကောင်စီဝင်အားလုံးက ငွေကျပ် ၂၅ သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ၂၄ သိန်း၊ ဦးကျော်ညွှန့်ရည်+ဒေါ်ဝါဝါကျော် မိသားစုက ငွေကျပ် ၁၂ သိန်း၊ စွယ်စုံမီဒီယာဂရုဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ငွေကျပ် ၁၂ သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

# ရှေးဟောင်းဝတ္ထုပစ္စည်းများအား နိုင်ငံတော်သို့ အပ်နှံပါက ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်လျက်ရှိ

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

ရှေးယခင်ဘိုးဘွားဘီဘင်များ လက်ထက်က ပြုလုပ်သုံးစွဲခဲ့ကြသည့် ဝတ္ထုပစ္စည်းများသည် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းရမည့် ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်ပါသည်။ ၎င်းဝတ္ထုပစ္စည်းများသည် သမိုင်းခေတ်ကာလတစ်ခုကို ဖော်ညွှန်းပြသနိုင်သည့် အသုံးပြုမှု၊ အနုလက်ရာမြောက်မှု၊ ရှားပါးမှု၊ သမိုင်းဆိုင်ရာတန်ဖိုးရှိမှုများရှိပြီး နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိပါက ရှေးဟောင်းဝတ္ထုပစ္စည်းဟု သတ်မှတ်ပါသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုသမိုင်းကြောင်း ခိုင်မာပြည့်စုံစွာတည်ရှိခဲ့သည်နှင့်အတူ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများကို သမိုင်းမတင်မီကာလ ကျောက်ခေတ်မှသည် သမိုင်းကြိုကာလ ကြေးခေတ်၊ သံခေတ်၊ သမိုင်းတင်ခေတ်၊ မျက်မှောက်ခေတ်တိုင်အောင် ခေတ်အဆက်ဆက် ဖန်တီးပြုလုပ်သုံးစွဲခဲ့ကြပါသည်။ ထိုပစ္စည်းများသည် နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးနှင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ဖော်ညွှန်းပြသနေသော ဝတ္ထုပစ္စည်းများပင်ဖြစ်ပြီး မြန်မာနိုင်ငံအနှံ့အပြားမြေပေါ်တွင် လည်းကောင်း၊ မြေအောက်မှ လည်းကောင်း၊ ရေပေါ်ရေအောက်တွင်လည်းကောင်း အများအပြား တွေ့ရှိနိုင်ပါသည်။







ရှေးဟောင်းဝတ္ထုပစ္စည်းများအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။






ရှေးဟောင်းဝတ္ထုပစ္စည်းများအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

## ရှေးဟောင်းဝတ္ထုပစ္စည်းများ

ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှေးဟောင်းဒေသများနှင့် ဆက်စပ်လျက်ရှိသည့် နေရာများ၌ သုတေသနပြုလေ့လာခြင်းများမှ တွေ့ရှိရသကဲ့သို့ ထွန်ယက်စိုက်ပျိုးခြင်း၊ ကျင်းတူးခြင်းစသည့် လုပ်ငန်းများဆောင်ရွက်စဉ် မတော်တဆတွေ့ရလေ့ရှိပါသည်။ ထိုသို့ မတော်တဆတွေ့ရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်သည်ကို မသိနားမလည်ကြသူများက တွေ့ရှိပစ္စည်းများသည် ရွှေထည်များ၊ ရွှေထည်ကဲ့သို့သော တန်ဖိုးရှိသောဝတ္ထုပစ္စည်းများဖြစ်လျှင် ချက်ချင်းထုခွဲရောင်းချချင်လေ့ရှိကြပါသည်။ ထိုကဲ့သို့ မသိနားမလည်မှုကြောင့် လုပ်ဆောင်လိုက်မှုသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့်သက်ဆိုင်သည့် ဥပဒေကို ချိုးဖောက်ကျူးလွန်မှုဖြစ်သည်ကိုလည်း သိရှိနားလည်သူ နည်းပါးပါသည်။ ထို့ကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်း သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းဟု ယူဆရသည့် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို တွေ့ရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ သတင်းပေးပို့အကြောင်းကြားခြင်းသည် အကောင်းဆုံးသော ဆောင်ရွက်မှုပင်ဖြစ်ပါသည်။

## ထပ်ဆောင်းချီးမြှင့်

သတင်းပေးပို့ အကြောင်းကြားခြင်းအားဖြင့် တွေ့ရှိသူအတွက် အကျိုးကျေးဇူးအလွန်များသည်ကိုလည်း တင်ပြလိုပါသည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို အခွန့်ရှည် တည်တံ့စေရန်၊ ပျက်စီးယိုယွင်းပျောက်ဆုံးခြင်းများမှ ကာကွယ်နိုင်ရန်၊ အများပြည်သူများ ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးမြင့်မားမှုကို နားလည်၍ တာဝန်သိစိတ်ဖြင့် ကာကွယ်ထိန်းသိမ်းနိုင်စေရန်အတွက် ၂၀၁၅ ခုနှစ်တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းအား တွေ့ရှိသတင်းပို့သူအတွက် ပထမဆုံးသောအကျိုးကျေးဇူးမှာ ဥပဒေအား ချိုးဖောက်ကျူးလွန်ခြင်းမရှိဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းကို ပေါ်လွင်စေပါသည်။ ဒုတိယအချက်အနေဖြင့် တွေ့ရှိ၍ သတင်းပို့အကြောင်းကြားခဲ့သူအား နိုင်ငံတော်မှ ပြန်လည်ဂုဏ်ပြုသည့်အနေဖြင့် တွေ့ရှိသည့်ဝတ္ထုပစ္စည်း၏ ကာလပေါက်ဈေးအပြင် ခေတ်ကာလကြေး၊ ခေတ်လက်ရာကြေးများကိုပါ ထပ်ဆောင်းချီးမြှင့်သည့်အတွက်ကြောင့် မူလတန်ဖိုးထက် သုံးဆမျှသော ဆုကြေးငွေများကို ရရှိမည်ဖြစ်ပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများ နိုင်ငံတော်ကို အပ်နှံခြင်းနှင့်ပတ်သက်၍ အများပြည်သူများ နားလည်သဘောပေါက်စေရန်နှင့် အမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလိုသော အသိစိတ်များ ပြန့်ပွားတိုးတက်လာစေရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အသိပညာပေးခြင်း၊ အပ်နှံသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဂုဏ်ပြုချီးမြှင့်မှုများကို အများပြည်သူများသိရှိနိုင်စေရေး အသိပေးတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်မှုများကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကိုသိရှိပြီး တာဝန်သိစိတ်ဖြင့် လာရောက်အပ်နှံကြသည့် ပြည်သူများလည်းရှိပါသည်။







ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှေးဟောင်းဒေသများနှင့် ဆက်စပ်လျက်ရှိသည့်နေရာများ၌ သုတေသနပြုလေ့လာခြင်းများမှ တွေ့ရှိရသကဲ့သို့ ထွန်ယက်စိုက်ပျိုးခြင်း၊ ကျင်းတူးခြင်း စသည့်လုပ်ငန်းများဆောင်ရွက်စဉ် မတော်တဆတွေ့ရလေ့ရှိပါသည်။ ထိုသို့ မတော်တဆတွေ့ရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်သည်ကို မသိနားမလည်ကြသူများက တွေ့ရှိပစ္စည်းများသည် ရွှေထည်များ၊ ရွှေထည်ကဲ့သို့သော တန်ဖိုးရှိသောဝတ္ထုပစ္စည်းများဖြစ်လျှင် ချက်ချင်းထုခွဲရောင်းချချင်လေ့ရှိကြပါသည်။ ထိုကဲ့သို့ မသိနားမလည်မှုကြောင့် လုပ်ဆောင်လိုက်မှုသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် သက်ဆိုင်သည့်ဥပဒေကို ချိုးဖောက်ကျူးလွန်မှုဖြစ်သည်ကိုလည်း သိရှိနားလည်သူ နည်းပါးပါသည်။ ထို့ကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်း သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းဟု ယူဆရသည့် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆို တွေ့ရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ သတင်းပေးပို့အကြောင်းကြားခြင်းသည် အကောင်းဆုံးသော ဆောင်ရွက်မှုပင်ဖြစ်

စာမျက်နှာ ၇ သို့ ☆







၂၀၀၅ ခုနှစ်တွင် မိုင်းမောကျေးရွာ အရှေ့တောင်ဘက် ကင်းတားဆည်လက်တံဖောက်လုပ်ရာမှ တွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့ အပ်နှံခဲ့သည့် ပျူခေတ်ဗုဒ္ဓဆင်းတုတော်များနှင့် ငွေစေတီများ။

☆ စာမျက်နှာ ၆ မှ

ရှေးဟောင်းဝတ္ထုပစ္စည်းများကို တာဝန်သိစိတ်ရှိစွာဖြင့် လာရောက်အပ်နှံပါက လာရောက်အပ်နှံသူကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ရွှေ ၃၁၄၄ ခု၊ ငွေ ၈၃၃ ခု၊ ကြေး ၇၅၃ ခု၊ အခြား ၂၇၈၀၈ ခု စုစုပေါင်း ၃၂၅၃၈ ခုအတွက် ဆုကြေးငွေ ၅၆၈၄၃၀၀၈၅ ကျပ် (ငါးထောင့်ခြောက်ရာ ရှစ်ဆယ့်လေးသိန်း သုံးသောင်း ရှစ်ဆယ့်ငါးကျပ်တိတိ)အထိ ဆုကြေးငွေများကို နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲဆောင်ရွက်နေမှုကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြသည့်အချက်ကို အခွင့်ကောင်းယူ၍ ရှေးဟောင်းပစ္စည်းများကို တရားမဝင် ဝယ်ယူစုဆောင်းလျက်ရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာတွင် ကျေးရွာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်သော လုပ်သားများက လုပ်ငန်းဆောင်ရွက်ရာမှ မတော်တဆတွေ့ရှိရသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမပြုဘဲ မူလလက်ရာပျက်စီးစေရန် အရည်ကျို၍ ထုခွဲရောင်းချခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအဆင့်အတန်းများကို ဖော်ညွှန်းပြသနေသော အမွေအနှစ်ပစ္စည်းများဖြစ်သဖြင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများကို တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီး၍ ကာကွယ်ထိန်းသိမ်းရမည် ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့်ရှေးဟောင်းဝတ္ထုပစ္စည်းများအား မတော်တဆတွေ့ရှိခဲ့လျှင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန



၂၀၁၂ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် လက်ခုတ်ပင်ကျေးရွာမှ ဒေါ်ကေသဇင်ကျော်တွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့အပ်နှံခဲ့သည့် ပျူခေတ်လက်ရာ နယားခေါင်းပုံပါ လက်ကြပ်တစ်ကွင်း။



၂၀၁၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ဖြူကျေးရွာ အနောက်ဘက် ပေ ၁၀၀၀ ခန့်အကွာရှိ ချောင်းကမ်းပါးပြိုကျရာမှတွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့ အပ်နှံခဲ့သည့် ပျူခေတ်လက်ရာ ရွှေပုတီးစေ့နှင့် ရွှေပြား။

နှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက်အပ်နှံပါက လွှဲပြောင်းအပ်နှံသူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ အပ်နှံသည့်ဝတ္ထုပစ္စည်း၏ မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုးအပြင် ရှားပါး၍အနုလက်ရာပြောင်မြောက်သည့် ဝတ္ထုပစ္စည်းများဖြစ်ပါက ထပ်ဆောင်းတန်ဖိုးကိုပါ ထပ်တိုးတွက်ချက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လျက်ရှိပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို ၎င်းပစ္စည်း၏ ခေတ်ကာလအပေါ်မူတည်၍ ဆုကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ချီးမြှင့်လျက်ရှိသကဲ့သို့ လက်ရာပြောင်မြောက်ကောင်းမွန်လျှင် လက်ရာကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းအထိ ထပ်မံချီးမြှင့်ပေးလျက်ရှိပါသည်။ အပ်နှံသည့် ရွှေ၊ ငွေ ပစ္စည်းများကို လာရောက်အပ်နှံသည့်အချိန်ကာလတွင်ရှိသည့် ပေါက်ဈေးနှုန်းအတိုင်း ဆုကြေးတွက်ချက်ခြင်းဖြစ်ရာ ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံသူသည် နေ့စဉ်ပေါက်ဈေးကာလတန်ဖိုးနှင့် ထပ်ဆောင်းတန်ဖိုးအပါအဝင် အများဆုံး သုံးဆအထိ ချီးမြှင့်ငွေရရှိမည်ဖြစ်ပါသည်။ လာရောက်အပ်နှံသည့်နေ့မှစတင်၍ ရက်သတ္တပတ်နှစ်ပတ်မှ အများဆုံး လေးပတ်အတွင်း ဆုကြေးငွေ ချီးမြှင့်ပေးလျက်ရှိပါသည်။

သာဓကအနေဖြင့် ၂၀၀၅ ခုနှစ်က မိုင်းမောပျူမြို့ဟောင်းမှ ရွှေဖြင့်ပြုလုပ်ထားသည့် ပျူခေတ်ဘုရားဆင်းတုနှင့် စေတီငယ်များကို နွားကျောင်းသားတစ်ဦးက အမှတ်မထင်ရရှိခဲ့ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံခဲ့သည့်အတွက် ၎င်းအား နေ့စဉ်ပေါက်ဈေးဖြင့် တွက်ချက်သော ပစ္စည်း၏မူလတန်ဖိုးအပြင် လက်ရာကြေးနှင့် ခေတ်ကာလကြေးပါ ထည့်သွင်းတွက်ချက်၍ သိန်း ၁၅၀ ကျော် ဆုချီးမြှင့်ပေးအပ်ခဲ့သည့် သာဓကလည်း ရှိခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၈ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ဖြူကျေးရွာ အနောက်ဘက် ပေ ၁၀၀၀ ခန့် အကွာရှိ ချောင်းကမ်းပါးပြိုကျရာမှတွေ့ရှိသော ပျူခေတ်လက်ရာ အနုပညာပြောင်မြောက်သော ရွှေအရည်အသွေး ၂၂ ကာရက်၊ အလေးချိန် ၁၇၉ ဒသမ ၅ ဂရမ်ရှိသည့် ရွှေပုတီးစေ့ ၁၃ စေ့နှင့် ရွှေကနုတ်ပုံလက်ရာပါရှိသည့် ဆွဲပြားတစ်ခု စုစုပေါင်းရွှေထည်ပစ္စည်း ၁၄ ခုနှင့် ရတနာပုံခေတ်လက်ရာ ကြေးအလေးနှစ်ခုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ တာဝန်သိစွာအပ်နှံခဲ့ခြင်းအတွက် မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုး၊ ထပ်ဆောင်းတန်ဖိုးအပါအဝင် ဆုကြေးငွေ ၃၄၉၃၆၈၆၁ ကျပ် (သုံးရာလေးဆယ့်ကိုးသိန်း သုံးသောင်းခြောက်ထောင် ရှစ်ရာခြောက်ဆယ့်တစ်ကျပ်တိတိ)နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့ကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းတစ်စုံတစ်ရာကြောင့် မတော်တဆတွေ့ရှိခဲ့ပါက သတင်းပို့အကြောင်းကြား၍ နိုင်ငံတော်သို့ အပ်နှံခြင်းသည် အကျိုးကျေးဇူးများစွာရရှိစေနိုင်မည်ဖြစ်ပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေအား မသိနားမလည်၍ ဖြစ်စေ၊ သိရှိနားလည်၍ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများအား ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို တူးဖော်ရှာဖွေခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အပ်နှံခြင်းမပြုဘဲ အရည်ကျိုခြင်း၊ ထုနှက်ပုံဖျက်ခြင်းစသည့် မူလပုံစံပျက်ယွင်းစေခြင်းများ ပြုလုပ်ပါက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ အရ ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်ခံရမည်ဖြစ်ပြီး ပစ္စည်းများကိုပါ နိုင်ငံတော်က သိမ်းဆည်းမည်ဖြစ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက်အပ်နှံသော ရှေးဟောင်းဝတ္ထုပစ္စည်းများအနက် ခေတ်ကာလအသီးသီးနှင့် သက်ဆိုင်သောပစ္စည်းများကို အများပြည်သူများ လေ့လာနိုင်ရန်အတွက် အမျိုးသားပြတိုက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုပြတိုက်များတွင် ပြသထားရှိပါသည်။ သို့ပါ၍ အများပြည်သူတို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကို နားလည်သိရှိပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေနှစ်များကို တန်ဖိုးထား ကာကွယ်ထိန်းသိမ်းပေးရန် လိုအပ်ပါသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် မတော်တဆတွေ့ရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အရည်ကျိုခြင်း၊ ထုနှက်ပုံဖျက်ခြင်း၊ မူလလက်ရာပုံစံဖျက်ဆီးခြင်းများ မပြုလုပ်ရန်နှင့် တရားမဝင်ရောင်းဝယ်ခြင်းများမပြုလုပ်ပါရန် လိုအပ်ကြောင်း၊ တာဝန်သိသိဖြင့် နိုင်ငံတော်သို့အပ်နှံပါက ကာလပေါက်ဈေးထက်ပိုမိုများပြားသောဆုကြေးငွေများ ချီးမြှင့်ရရှိခြင်းနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာပါ ချီးမြှင့်ပေးလျက်ရှိပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများအား မတော်တဆတွေ့ရှိခဲ့ပါက သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊ နိုင်ငံတော်သို့ အပ်နှံခြင်းဖြင့် မိမိတို့၏အမွေအနှစ်များ မပျောက်ပျက်အောင် ဆောင်ရွက်ရာလည်းရောက်သကဲ့သို့ မိမိနှင့် မိမိအသိုင်းအဝိုင်းတွင်ပါ ဂုဏ်သိက္ခာရှိသူများ ဖြစ်လာကြပါမည်။ မိမိတိုင်းပြည်၏ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို အခြားသော တရားမဝင်နေရာများနှင့် မသမာသူများလက်မှတစ်ဆင့် နိုင်ငံပြင်ပသို့ ရောက်ရှိမသွားရလေအောင် ပြည်သူများကလည်း ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

# တိုင်းဒေသကြီးဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေး

ပုသိမ် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ သပေါ့ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။

**ချီးမြှင့်ငွေများပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သပေါ့ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ၍ ဆရာ ဆရာမများနှင့်တွေ့ဆုံခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းအိမ်ရာ လိုအပ်ချက်များ၊ ကျောင်းဆောင်လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့ကာ ကျောင်းတက်ရောက်မှုအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်-ရှောပြာ-ချောင်းသာလမ်း ၁၈/၀ မိုင်မှ ၃၅/၀ မိုင်အတွင်း ပေ ၄၀ အကျယ် လမ်းတာပေါင်ချဲ့ခြင်း၊ ၂၄ ပေအကျယ် ကတ္တရာခင်းခြင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများအချိန်မီပြီးစီးစေရေးနှင့် အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)






# ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)၌ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့၌ ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရွှေဝါထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင် ဦးဆောင်၍ ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီဌာနမှူးများ၊ ပါမောက္ခ ဆရာ ဆရာမများနှင့် ဘွဲ့ရမောင်/မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) ၆၅ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech) ၁၆ ဦးတို့အား ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကြံခင်းမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ကြံခင်း ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အထက(ချင်းမြောင်)ကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(ချင်းမြောင်)ကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကမ္ဘာ့အဆင့်မီ ပညာရည်"သီချင်းဖြင့် အခမ်းအနားသီဆိုဖွင့်လှစ်ပြီး ၅၂၈ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောက်တိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာပညာနန္ဒက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် အထက(ချင်းမြောင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမင်းက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ (ထက်ဆင့်)ကျပန်းစကားပြောပြိုင်ပွဲ၊ တိုင်းအဆင့်ပန်းချီပြိုင်ပွဲနှင့် မီတာ ၃၀၀ အပြေးပြိုင်ပွဲတို့တွင်လည်းကောင်း၊ မြို့နယ်အဆင့် ကာယ၊ ဉာဏပြိုင်ပွဲဆု ၂၆ ဆုအားလည်းကောင်း၊ ကျောင်းတွင်းကာယပြိုင်ပွဲဆု ၅၉ ဆုနှင့် ဉာဏပြိုင်ပွဲဆု ၈၆ ဆုတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အင်းစိန်မြို့နယ်၌ ကလေးသူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဟောပြောပွဲ ကျင်းပ




ရန်ကုန် ဇန်နဝါရီ ၁၂

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း ပြုလုပ်သည့် ကလေးသူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က မေးမြန်းဆွေးနွေးသူများအဖြစ် ဆောင်ရွက်၍ ဖြေကြားဆွေးနွေးသူအဖြစ် အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ရှောင်လေဝေးဝေး မူးယစ်ဆေး ခေါင်းစဉ်ဖြင့် စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောသည်။

အဆိုပါ ဟောပြောချက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) အွန်လိုင်းမှတစ်ဆင့် အများပြည်သူများ ဗဟုသုတရရှိရေး ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ မြင့်ဦး

# (၁၆) ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားမှူး အမှုဆောင်ဦးသိန်းဆောင်က အသင်း၏ ၂၀၂၄ ခုနှစ် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မျိုးမင်းသူရ

# ဆိပ်ဖြူမြို့ ပတ္တမြားဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

ဆိပ်ဖြူ ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေး၌မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်စစ်ဆေးခြင်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအေးမင်းမောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင်ပတ္တမြားဈေးရှိ ဈေးဆိုင်ရှင်များအား မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံကိုရှင်းလင်းခြင်း၊ ဈေးကြီးအတွင်းရှိ ဆိုင်ခန်းများတွင် တပ်ဆင်သွယ်တန်းထားသည့် လျှပ်စစ်ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြည့်မှုမရှိစေရေး၊ မီးလောင်လွယ်ကူသည့် အမှိုက်သရိုက်နှင့် မိုးကာအစုတ်အပြဲများကို ရှင်းလင်းဖယ်ရှားခြင်း၊ ဆိုင်ခန်းများတွင် မလိုအပ်သည့်စွန့်ပစ်ပစ္စည်းများ သိုလှောင်ထားမှုမရှိစေရေး၊ ရောင်းချကုန်ပစ္စည်းများသာ ထားရှိရေး စစ်ဆေးအကြံပေးဆောင်ရွက်ခဲ့ပြီး မီးဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေကြယ်



# (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများဖွင့်ပွဲအခမ်းအနားကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၂**

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တော၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်းများ၊ ကယားရိုးရာအစားအစာနှင့် ရိုးရာအဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာပြခန်းတာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ကယားပြည်နယ်၏ MSME ထွက်ကုန်များဖြစ်သော ကယားဝက်အူချောင်း၊ မက်ခါသီးထောင်း၊ အစေ့ထုတ်ပြောင်းနှင့် ကယားရိုးရာအထည်ရက်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုသရုပ်ပြရှင်းလင်းတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး အစားအသောက်၊ အဝတ်အထည်များ၏ ထုပ်ပိုးမှုပုံစံများ၊ အရည်အသွေး ယခုထက်ပိုမိုကောင်းမွန်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းရှင်များနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

(၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာနှင့် MSME ပြခန်း ၁၆ ခန်း၊ ကယား ရိုးရာ အစားအစာနှင့် ရိုးရာအဝတ်အထည်အရောင်းဆိုင်တို့အား ခင်းကျင်းပြသလျက်ရှိပြီး ပွဲတော်ကာလတစ်လျှောက် နေ့စဉ်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

# တာချီလိတ်မြို့၌ ကျေးရွာအလိုက် လားဟူတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော် ကျင်းပ

**တာလေ ဇန်နဝါရီ ၁၂**

လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာ တောင်ပေါ်၊ မြေပြန့်ဒေသအလိုက် နှစ်စဉ်အစဉ်အလာမပျက် ကျင်းပပြုလုပ်ရာ လားဟူနှစ်ကူးပွဲတော်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မော်ဝန်းရွာ၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။



နှစ်သစ်ကူးပွဲကို မော်ဝန်းကျေးရွာတွင် ကျင်းပရာ မိုင်းကိုးကျေးရွာအုပ်စုရှိ နမ့်တွန်၊ မေတို၊ နမ့်မွမ်း၊ ပါဆန်းနှင့် အောက်ကဘာကျေးရွာအတွင်းရှိ တောင်ပေါ်နှင့် ကျေးရွာအသီးသီးတွင်နေထိုင်သောလားဟူတိုင်းရင်းသား လူငယ်မောင်မယ် အကအဖွဲ့များက အဖွဲ့လိုက် ရှေးရိုးရာ ဘူးပလွေမြေဝိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျေးရွာလူငယ်မောင်မယ်များက သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်တို့အား ရိုးရာလက်ဆေးမင်္ဂလာကျင်းပကြသည်။

လားဟူ တိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၁၄ ခုနှစ် ယုန်နှစ်မှ ယခုနှစ် ၂၀၁၅ ခုနှစ် ရှဉ့်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံးနှင့် အကြီးအကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာ တောင်ပေါ်၊ မြေပြန့်ဒေသအလိုက်ကျင်းပခဲ့ရာ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံထွက် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို ဦးဦးဖျားဖျား စုပေါင်းပါဝင် လှူဒါန်းမှုပြုလုပ်ကြပြီး ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားကာ ထင်းရှူးပင်ကို ဝိုင်းပတ်၍ ၎င်းတို့၏ အထိမ်းအမှတ် ဘူးပုလွေဖြင့် တီးမှုတ်၍ ထင်ရှားသော မြေဝိုင်းအကဖြင့် ဖျော်ဖြေကပြပြီး သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာခံယူသော ပွဲတော်ကြီးတစ်ခုဖြစ်သည်။

လားဟူ တိုင်းရင်းသားများသည် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏အရောင်ကို အမှီပြု၍ ကျိုင်းတုံခရိုင်တွင် အများဆုံးနေထိုင်သော လားဟူ အနက်၊ မိုင်းဆတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအနီ၊ မိုင်းဖြတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအဝါ၊ ထိုင်းနယ်စပ်နှင့် လားအိုနယ်စပ်များတွင် ပျံ့နှံ့နေထိုင်သော လားဟူအဖြူနှင့် လားဟူရှီးဟူ၍ မျိုးနွယ်စုမှ ပေါက်ဖွားကာ ယနေ့အထိ လားဟူမျိုးနွယ်စု ၃၀ ခန့်အထိရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# ဖျာပုံခရိုင်အတွင်း မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်သင်ကြားနေမှုအား ကြည့်ရှုစစ်ဆေး

**ဘိုကလေး ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၅) သင်တန်းဖွင့်လှစ်သင်ကြားနေမှုတို့ကို ယနေ့နံနက်ပိုင်းက သွားရောက်အားပေးကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်ထဲရေး ဝန်ကြီးဌာန၏ မူဝါဒ(၅)ချက်မှ လုပ်ငန်းစွမ်းရည်၊ လုံခြုံရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်များ ထက်မြက်နေရန်နှင့် မီးသတ်တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်အားသိရှိပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ကူညီဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ လက်တွေ့သင်ကြားနေမှုအပေါ် သင်တန်းသားများအနေဖြင့် စိတ်ဝင်စားစွာ ကြိုးစားသင်ယူသွားစေရန် ဖျာပုံခရိုင် မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက မှာကြားကာ လိုအပ်သည်များကို မြို့နယ်မီးသတ်ဦးစီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



**သင်ကြားပို့ချ**

အဆိုပါသင်တန်းကို ဖျာပုံခရိုင်အတွင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဦးသာ

# ဆီဆိုင်မြို့၌ သောက်သုံးရေဖြန့်ဝေပေးနေသည့် မြို့ဦးရေထွက်အား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဆီဆိုင် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ဒေသခံပြည်သူများအတွက် သောက်သုံးရေများ အဓိကဖြန့်ဝေပေးနေသည့် မြကန်သာရပ်ကွက် ဇဝနာရာမစာသင်တိုက်ကျောင်းရှိ မြို့ဦးရေထွက်အား သန့်ရှင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**စုပေါင်းဆောင်ရွက်ခဲ့**

ထိုသို့ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရေစုကန်ပတ်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များ၊ မြက်ပင်များ ရှင်းလင်းခြင်းနှင့် ရေစုကန်အတွင်းရှိ နုန်းမြေများ၊ သစ်ကိုင်းများ၊ အမှိုက်များ ဆယ်ယူခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်သူရ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပြည်နယ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ရှမ်းတိုင်းရင်းသား တိုးနရားနှင့် ကိန္နရီ၊ ကိန္နရာအကအဖွဲ့၊ ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွား အကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။



ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဉာဏစွမ်းရည်နှင့် ကာယစွမ်းရည်ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးပြီး ပြည်နယ်အဆင့် ဉာဏစွမ်းရည်၊ ကာယစွမ်းရည်ဆုရ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးများက ဆုများချီးမြှင့်ပေးကြပြီး အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုတိုင်းရင်းသားအကဖြင့် လည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်ဆရာ ဆရာမများနှင့်ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ မြန်မာ့သိုင်းသရုပ်ပြသနေမှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးပြီး ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၏ စမ်းသပ်တီထွင်ထားရှိမှုများ၊ ဈေးရောင်းပွဲတော်နှင့် ဖျော်ဖြေရေးအစီအစဉ်များကို လှည့်လည်ကြည့်ရှုအားပေး၍ မူကြိုကလေးများအား နှုတ်ဆက်ကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ အလားတူ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ (၁၄)ကြိမ်မြောက် ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့များ အပ်နှင်း



**ဘားအံ ဇန်နဝါရီ ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တွင် ယနေ့နံနက်ပိုင်းက (၁၄)ကြိမ်မြောက် ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့များကို အပ်နှင်းပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ဘွဲ့ယူမောင်မယ်များအတွက် ငွေကျပ် လေးသိန်းနှစ်သောင်းကို ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ် ဒေါက်တာ ခင်မာလာထွန်း အမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်ပုဂ္ဂိုလ်များက ဘွဲ့အပ်နှင်းမည့် စင်မြင့်ထက်တွင်နေရာယူကြပြီး လိုအပ်သည့်ကတိခံဝန်ချက်များ ရယူကာ ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်က ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science (B.C.Sc) ၁၆ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ Bachelor of Computer Technology (B.C.Tech) ငါးဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းပေးအပ်ပြီး အဝေးရောက်ဘွဲ့ယူသူ ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science (B.C.Sc)မှ လေးဦးတို့အား ဘွဲ့အပ်နှင်းပေးအပ် ဘွဲ့ရမှတ်ပုံတင်စာအုပ်တွင် ဘွဲ့ရရှိသူစာရင်းကို အတည်ပြုလက်မှတ်ရေးထိုး၍ ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ယနေ့ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် အဝေးရောက်ဘွဲ့ယူသူ လေးဦးအပါအဝင် စုစုပေါင်း ၂၅ ဦးအား သက်ဆိုင်ရာဘွဲ့ကို အပ်နှင်းခဲ့ပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘွဲ့ယူပြီးသူ မောင်မယ်များနှင့် ၎င်းတို့၏ မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ စာကြည့်တိုက်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး



**မော်လမြိုင် ဇန်နဝါရီ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက်၌ စာကြည့်တိုက် အဆောက်အအုံသစ် တည်ဆောက်မှုအခြေအနေများကို လူမှုရေးရာဝန်ကြီးက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်တို့က စာကြည့်တိုက်ဆောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှု၍ လူမှုရေးရာဝန်ကြီးက လိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက မတည်ငွေကျပ် သိန်း ၁၅၀ ဖြင့် နိုဝင်ဘာ ၂၄ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ၉၅ ရာခိုင်နှုန်းထိ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်တို့က ကြာအင်းကျေးရွာရှိ ရှင်သန်ခိုင်မာ စာကြည့်တိုက် တစ်တိုက်ဖြစ်သော ကြယ်စင်အလင်းဥယျာဉ် စာကြည့်တိုက်အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# သာစည်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ Grade ခွဲခြားဝယ်ယူ စုပေါင်းရောင်းချပွဲပြုလုပ်

**သာစည် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ Grade ခွဲခြားဝယ်ယူစုပေါင်းရောင်းချပွဲကို ယနေ့တွင် တောကင်းကျေးရွာ၌ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဌေးဌေးက တောင်သူများအား ဝါ Grade ခွဲခြားကောက်ယူခြင်းနှင့်ပတ်သက်၍ လက်တွေ့နည်းပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝါစုပေါင်းဝယ်ယူရောင်းချပွဲပြုလုပ်ရာ တောင်သူ ၂၇ ဦးတို့က ဝါပိဿာချိန် ၁၀၅၀ ကို စုပေါင်းရောင်းချခဲ့သည်။ တောကင်းကျေးရွာတွင် မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၁၃ ဧက စိုက်ပျိုးထားကြောင်းနှင့် တောင်သူများ ဝါကောက်ယူရောင်းချလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရေဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဆိုရှယ်မီဒီယာခေတ်တွင် အသုံးပြုသူတိုင်း သိသင့်သိထိုက်သည့် ကျင့်ဝတ်စည်းကမ်း

ဆိုရှယ်မီဒီယာခေတ်တွင် လူတိုင်းနီးပါး အွန်လိုင်းအသုံးပြုလာကြသည်။ နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ အွန်လိုင်းတွင် သတင်းအချက်အလက်များဖော်ပြခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ချိခြင်းများ ပြုလုပ်လာကြသည်။

**စာဖတ်ပရိသတ်တစ်ဦး**

အချို့ကလည်း မိမိ၏ တစ်နေ့တာသွားလာလှုပ်ရှားမှုများကို မိတ်ဆွေသူငယ်ချင်းများအား အသိပေးဝေငှကြသည်။ အချို့က မိမိပတ်ဝန်းကျင်တွင် အဆင်မပြေမှုများ၊ ခံစားချက်များကို ရင်ဖွင့်ကြသည်။ အချို့ကား ထင်ပေါ်ကျော်ကြားလိုမှုကို အကြောင်းပြု၍ ပွဲရှာကြသည်။ နာမည်ကျော်ပုဂ္ဂိုလ်များ၏ လတ်တလော အများအာရုံစိုက်ရာ ပြုမူပြောဆိုလှုပ်ရှားမှုအပေါ် အကြောင်းပြု၍ ယခုခေတ်စကားအရ ဝင်ဝုန်းကြသည်။ ဆိုရလျှင် လူအမျိုးမျိုး စိတ်အထွေထွေဆိုသကဲ့သို့ အွန်လိုင်းပေါ်တွင် ကိုယ်ဝါသနာပါရာ၊ သန်ရာသန်ရာကို ရေးကြသားကြ တင်ပြကြသည်။

သို့ဖြင့် ဆိုရှယ်မီဒီယာခေတ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်းအသီးသီး လိုက်နာကျင့်သုံးလျက်ရှိသော ကျင့်ဝတ်စည်းကမ်းများကို အွန်လိုင်းသုံးစွဲသူတိုင်း အကြမ်းဖျင်းသိရှိနားလည်ထားဖို့လိုပါသည်။

**ကျင့်ဝတ်စည်းကမ်းများကို လိုက်နာလေ့ရှိ**

ကျင့်ဝတ်စည်းကမ်းနှင့် သိက္ခာပြည့်ဝသော သတင်းမီဒီယာအဖွဲ့အစည်းများသည် **“သတင်းရေးသားရာတွင် အချက်အလက်တိကျခိုင်မာရမည်၊ သတင်းရေးသားသည့်အခါတွင် သတင်းရေးသူသတင်းထောက်၏ ပုဂ္ဂိုလ်ရေးထင်မြင်ချက်ကို ထည့်မရေးရ၊ မိမိရေးသားသည့် သတင်းသည် ဝါဒဖြန့်ရာတွင် အသုံးချခံရခြင်းမရှိစေရ၊ ပုဂ္ဂိုလ်ရေးဝေဖန်ရေးသားရာတွင် သတင်းအကြောင်းအရာနှင့် တိုက်ရိုက်ပတ်သက်သူများကိုသာ အကန့်အသတ်ဖြင့် ဝေဖန်ရမည်၊ သတင်းအရင်းအမြစ်က သဘောမတူလျှင် ထုတ်ဖော်မပြောရ၊ အင်တာဗျူးတွင် ထည့်မရေးပါနှင့်ဟု တားမြစ်သည့်စကားကို ထည့်မရေးရ”** စသည်ဖြင့် Code of Conduct နှင့် Code of ethics ဟူသည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာလေ့ရှိသည်။

ထို့အတူ ယခုခေတ် စာတည်းဟုဆိုသည့် အယ်ဒီတာများအနေဖြင့်လည်း သတင်း၊ ဆောင်းပါးများကို တည်းဖြတ်ရာတွင် **“သတင်းဆောင်းပါးများတွင် အချက်အလက်နှင့် အဓိပ္ပာယ်ဖော်ပြပုံ အမှားအယွင်း ရှိ-မရှိ၊ အသရေဖျက်မှု သို့မဟုတ် အခြားသော တရားဥပဒေငြိစွန်းမှု တစ်စုံတစ်ရာ ပါဝင်ခြင်း ရှိ-မရှိ၊ စာဖတ်ပရိသတ် ယုံမှားသံသယဖြစ်ဖွယ်ရာ ဓမ္မဓိဋ္ဌာန်မကျသော၊ မမျှတသော ဖော်ပြမှုမျိုး ဖြစ်-မဖြစ်၊ သို့တည်းမဟုတ် စာဖတ်ပရိသတ် ငြီးငွေ့ဖွယ်ရာအကြောင်းအရာ ဖြစ်-မဖြစ်၊ ထူးခြားသိမှတ်ဖွယ်ရာအကြောင်းအရာမျိုး၊ စာဖတ်သူတို့ စိတ်ဝင်စားဖွယ် တစ်စုံတစ်ရာအကျိုးဖြစ်ထွန်းဖွယ် အကြောင်းအရာမျိုး ဖြစ်-မဖြစ်”** သတိမူရသည်။

အလားတူ သတင်း(သို့)ဆောင်းပါး၏ သဘောသွား၊ စကားလုံးလေကြောရှည်မှု၊ အပ်ကြောင်းထပ်မှု၊ ငြီးငွေ့စရာအသေးစိတ်အချက်များ၊ မျက်စိလျှံသွားသော အချက်အလက်များ၊ အဆီအငေါ်မတည့်မှုများ၊ အမှတ်တမဲ့ကြော်ငြာပေးမှုများ၊ အသရေဖျက်မှု၊ တစ်ပတ်ရိုက်လှည့်စားမှုများ၊ သတင်းဟောင်းပြန်ရေးသားမှု၊ အငြိုးဖြင့်ရေးသားမှု၊ ပုံတူကူးချမှုများကို ဆန်းစစ်ကြရသည်။

ထို့အပြင် အယ်ဒီတာဟူသည် စားပွဲပေါ် အသင့်ရောက်လာသော သတင်း၊ ဆောင်းပါးများကို တည်းဖြတ်ကာ သတင်းစာတွင် ဖတ်ချင်စဖွယ်ဖြစ်အောင် နေရာချထည့်သွင်းဖော်ပြရုံမျှမက စာဖတ်ပရိသတ်များ သိသင့်သိထိုက်သော သတင်း၊ ဆောင်းပါးများကို ရရှိအောင် စီစဉ်ညွှန်ကြားသူ၊ ထောက်လှမ်း၊ စုံစမ်းရေးသားနိုင်ရပါမည်။

သို့ဖြစ်၍ နယူးယောက်တိုင်းမ်သတင်းစာကြီးကို စတင်တည်ထောင်သူ အဒေါ့ဖ် အက်စ် အော့ချ်က **“သတင်းစာတစ်စောင်မှာ အသုံးဝင်ဆုံးပုဂ္ဂိုလ်ဟာ တည်းဖြတ်နိုင်သူဖြစ်တယ်”**ဟူ၍ လည်းကောင်း၊ မြန်မာသတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ကလည်း **“တည်းဖြတ်တဲ့အလုပ်ဟာ သတင်းစာရဲ့ တကယ့်အဆီအနှစ်ကြီးပဲ”**ဟူ၍ လည်းကောင်း ပြောဆိုခဲ့သည်။ ဆရာကြီး ပီမိုးနင်းကမူ **“စာနယ်ဇင်းတည်းဟူသော စာအမျိုးမျိုး ပွဲကြီးရုံကြီးမှာ ဆေ့စ်ကလေး၊ ချက်တနီးကလေးများနှင့် မွှေးမွှေးကြိုင်ကြိုင် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်အောင် အငွေ့တထောင်းထောင်းနှင့်မြင်ရလျှင် သွားရည်ယိုလောက်အောင် စီမံတတ်သော ‘စာသူကြီး’ဉာဏ်မျိုး ရှိသူတို့ကို အယ်ဒီတာဟု ခေါ်ဝေါ်သမုတ်အပ်ပေကြောင်း”** စသည်ဖြင့် အယ်ဒီတာ၏အလုပ်ကို အကဲဖြတ်ခဲ့ပေသည်။

> **ကျင့်ဝတ်စည်းကမ်းနှင့် သိက္ခာပြည့်ဝသော သတင်းမီဒီယာအဖွဲ့အစည်းများသည် “သတင်းရေးသားရာတွင် အချက်အလက်တိကျခိုင်မာရမည်၊ သတင်းရေးသားသည့်အခါတွင် သတင်းရေးသူသတင်းထောက်၏ ပုဂ္ဂိုလ်ရေးထင်မြင်ချက်ကို ထည့်မရေးရ၊ မိမိရေးသားသည့်သတင်းသည် ဝါဒဖြန့်ရာတွင် အသုံးချခံရခြင်းမရှိစေရ၊ ပုဂ္ဂိုလ်ရေးဝေဖန်ရေးသားရာတွင် သတင်းအကြောင်းအရာနှင့် တိုက်ရိုက်ပတ်သက်သူများကိုသာ အကန့်အသတ်ဖြင့် ဝေဖန်ရမည်၊ သတင်းအရင်းအမြစ်က သဘောမတူလျှင် ထုတ်ဖော်မပြောရ၊ အင်တာဗျူးတွင်ထည့်မရေးပါနှင့်ဟု တားမြစ်သည့်စကားကို ထည့်မရေးရ” စသည်ဖြင့်** Code of Conduct **နှင့်** Code of ethics **ဟူသည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာလေ့ရှိ**

ထိုသို့ဆိုရလောက်အောင်လည်း အယ်ဒီတာတို့ ဆောင်ရွက်ရသည့် လုပ်ငန်းနယ်ပယ်သည် များစွာကျယ်ဝန်းလှပါသည်။ အမေရိကန်နိုင်ငံမှ PM ခေါ် သတင်းစာကြီးတွင် အယ်ဒီတာဌာနကို လုံးဝမထားဘဲ အကောင်းဆုံးသတင်းထောက်များကိုသာထား၍ စမ်းသပ်ခဲ့ဖူးသည်ဟုဆိုသည်။ ထိုစမ်းသပ်မှုမှာ နှစ်ရက်သာခံပြီး အယ်ဒီတာဌာနကို ထားမြဲထားရလေသည်ဟု သိရသည်။

**အကြမ်းဖျင်းသိရှိနားလည်ဖို့လည်း လိုအပ်**

သတင်းထောက်များ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ထိုသတင်းများကို ဖတ်ချင်စဖွယ်ဖြစ်အောင်၊ အသရေဖျက်မှုစသည့် တည်ဆဲဥပဒေများနှင့် ခလုတ်မထိ ဆူးမငြိအောင် တည်းဖြတ်ဖော်ပြပေးရသည့် အယ်ဒီတာတို့၏ လုပ်ငန်းဆောင်တာများအပြင် ယနေ့ အွန်လိုင်းပေါ်တွင် ခေတ်စားနေသည့် ဝေဖန်မှုများစွာနှင့် ပတ်သက်၍ ဝေဖန်စာ၏ သဘောသဘာဝကို အွန်လိုင်းသုံးစွဲသူများ အကြမ်းဖျင်းသိရှိနားလည်ဖို့လည်း လိုအပ်ပေသည်။

ဝေဖန်စာကို မြန်မာနှင့် အနောက်တိုင်း သတင်းလောကတွင် review ဟု အသုံးများသည်။ စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတ၊ ပြဇာတ် စသည့် အနုပညာရပ်များ၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ စသည့် အားကစားပွဲများကို ကြည့်ရှုပြီးနောက် ဆန်းစစ်သုံးသပ်ကာ မိမိ၏ထင်မြင်ချက် သို့မဟုတ် ဝေဖန်ချက်ကို ရေးသားထုတ်လွှင့်ခြင်းသည် ရီဗျူး(review) ဖြစ်ပေသည်။

ရီဗျူးရေးရာတွင် အာဃာတများ၊ အငြိုးအတေးများ ကင်းရှင်းပါစေ၊ လူ့သဘာဝအလျောက် ချစ်သူကို သာစေ၊ မုန်းသူကိုနာစေရန် ရေးမိလျှင်တောင်မှ မဖုံးနိုင် မဖိနိုင်လောက်အောင် မပေါ်လွင်ပါစေနှင့်၊ သာစေရန် သို့မဟုတ် နာစေရန် ရေးလျှင်လည်း အချက်အလက်နှင့်ရေးပါ၊ စည်းလွတ်ကမ်းလွတ်ရေးဖန်များလျှင် သင့်ရီဗျူးကိုစာဖတ်သူများက ယုံကြည်မှု ရှိတော့မည်မဟုတ်၊ ရီဗျူးတွင် အဆိုးချည်းပဲတွေ့နေလျှင်တောင်မှ အဆိုးချည်း တန်းစီမရေးပါနှင့်။ အဆိုးထဲကအကောင်း၊ ကောင်းကွက်ကလေးများတွေ့အောင်ရှာ၍ ထိန်းညှိပြီးရေးပါ။ **“အနုပညာသည်တစ်ယောက်ကို သင့်ရီဗျူးဖြင့် ဘယ်တော့မှ အသေမသတ်ပါနှင့်။ သူ့ကို နောက်တစ်ကြိမ်ကြိုးစားရန် အခွင့်အရေးပေးပါ”** စသည်ဖြင့် ကျင့်ဝတ်သိက္ခာပြည့်ဝသော ဝါရင့်သတင်းစာဆရာကြီးများ၏ အဆုံးအမရှိပေသည်။

ဝန်ကြီးချုပ်ဟောင်း ဦးနုကလည်း ၁၂ အောက်တိုဘာ ၁၉၆၈ ထုတ် အိုးဝေဂျာနယ်၊ အမှတ် ၅ တွင် ညီလေးညိုမြအစချီ၍ “လောကမှာ တိုးတက်ကြီးပွားနေတဲ့ စာနယ်ဇင်းသမားတွေကို လေ့လာကြည့်တဲ့အခါ သူတစ်ပါးထက် ထူးခြားတဲ့ကိုယ်ကျင့်တရားတွေကို ဒီလိုတွေ့ရတယ်။

(၁) အကြောင်းကြောင်းတွေကြောင့် တချို့ကိစ္စတွေမှာ မရေးသားဘဲ နေချင်နေမယ်။ မမှန်တာ၊ မဟုတ်တာ၊ သူတို့မယုံကြည်တာတွေကိုတော့ မှန်တာ၊ ဟုတ်တာ၊ သူတို့ယုံကြည်တာအဖြစ်မျိုးနဲ့ စာဖတ်ပရိသတ်ကို ဘယ်တော့မှ မတင်ပြဘူး။

(၂) အကျိုးရှိရှိ မရှိရှိ၊ လူကြိုက်များရင်ပြီးရော ဆိုတာမျိုး ဘယ်တော့မှ မလုပ်ဘူး။ လူကြိုက်လည်းများရမယ်၊ အကျိုးလည်းရှိရမယ်ဆိုတာမျိုးကိုသာ စာဖတ်ပရိသတ်ကိုတင်ပြလေ့ရှိတယ်။

(၃) ကိုယ့်ကလောင်နဲ့ထိုးသမျှ ဘာမှပြန်မလုပ်နိုင်ရှာဘဲ ငုံ့ခံရမယ်ဆိုတဲ့ လူစားမျိုးတွေအပေါ်မှာ ဘယ်တော့မှအနိုင်မကျင့်ဘူး။ သက်ညှာတယ်၊ သဘောထားကြီးတယ်” စသည်ဖြင့် ရေးသားခဲ့ပါသည်။ ထိုသို့ရေးသားပေးပို့မှုကို သတင်းစာဆရာကြီး အိုးဝေညိုမြက **“စာနယ်ဇင်းသမားများအဖို့ ကျင့်ဝတ် ၃ ပါး”** ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

စာရေးဆရာ၊ သတင်းစာဆရာတစ်ဦးဖြစ်သူ ဆရာမောင်ဝံသကလည်း ဂျာနယ်အင်တာဗျူးကဏ္ဍတစ်ခုတွင် ပြန်လည်ဖြေကြားခဲ့သည်များကို **“သတင်းစာဆရာဘဝနှင့်အမြင်”** ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ပါသည် -

**မေး ။ သတင်းလောကမှာ ဘက်လိုက်မှုကင်းရမယ်ဆိုတဲ့အသံက တော်တော်ကျယ်ပါတယ်။ သတင်းစာဆရာကြီး တစ်ဦးကတော့ သတင်းစာဆရာဟာ ပြည်သူလူထုဘက်ကို လိုက်ရမယ်လို့ဆိုတယ်။ ဒါနဲ့ ပတ်သက်တဲ့ ဆရာ့ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ သတင်းစာဆရာဟာ သာမန်လူ၊ သာမန်အရပ်သားတွေထက် အမြင်ကျယ်ရပါမယ်။ အမှားအမှန်၊ အကောင်းအဆိုးကို လူပြိန်းတွေထက် ပိုသိပိုမြင်ပါမှ သတင်းစာဆရာကောင်း ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း သတင်းစာဆရာဆိုတာ တိုင်းပြည်ရဲ့ နား၊ မျက်စိလို့ တင်စားကြတာပေါ့။ သည်တော့ သတင်းစာဆရာဟာ ဘယ်သူ့ရဲ့ နောက်မြီးဆွဲမှ မဖြစ်စေရပါဘူး။ ပြည်သူလူထု နောက်မြီးဆွဲလည်း မဖြစ်ရပါဘူး။ ပြည်သူလူထုက မှားနေရင်လည်း မှားနေတာကို ဖော်ပြရပါမယ်။ သတင်းစာဆရာဟာ အမှန်တရားဘက်ကပဲ ဘက်လိုက်ရပါမယ်။ ပြဿနာရပ်တိုင်းမှာ အမှန်နဲ့ အမှားကို ခွဲခြားနိုင်စွမ်းရှိဖို့တော့ လေ့လာမှုတွေ ရှိရမှာပေါ့။

**မေး။ သတင်းတစ်ပုဒ်ကို ကိုင်တွယ်တင်ပြနေတဲ့ သတင်းသမားတွေဟာ ကိုယ်ရေးလိုက်တဲ့ သတင်းအပေါ် ဘယ်လောက်အထိ တာဝန်ယူရပါသလဲ။ သတင်းသမားတစ်ယောက်ရဲ့ တာဝန်ကြီးမှုကို ရှင်းပြပေးပါ။**

ဖြေ။ ဘယ်လောက်အထိ တာဝန်ယူရသလဲဆိုရင်တော့ တရားစွဲခံရရင် အမှုကို ရင်ဆိုင်ဖြေရှင်းရပါတယ်။ ဒါပေမဲ့ သတင်းကို မိမိနာမည်ဖော်ပြပြီး by line နဲ့ ရေးတာမဟုတ်ရင် တာဝန်ခံအယ်ဒီတာကပဲ တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းရတယ်။ သတင်းထောက်ကတော့ မိမိစာနယ်ဇင်း တရားစွဲခံရပြီဆိုကတည်းက တာဝန်ရှိနေပြီပေါ့။ သတင်းတစ်ပုဒ်ကို ရေးပြီဆိုရင် အမှားအမှန် အတည်ပြုတာဟာ သတင်းထောက်ကိုယ်တိုင်ရဲ့ တာဝန်ပါပဲ။

သို့ဆိုလျှင် ထိုထိုသော သတင်းမီဒီယာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် ခေတ်အဆက်ဆက် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာကြီးများ၏ အဆိုအမိန့်များကား လက်ရှိသတင်းလောကတွင် ကျင်လည်နေသော သတင်းသမားများအတွက်သာမက အထူးသဖြင့် အွန်လိုင်းပေါ်တွင် နှုတ်တစ်ရာ စာတစ်လုံးအဖြစ် ရေးသားနေကြသော အွန်လိုင်းသုံးစွဲနေကြသူများအဖို့ပါ လေ့လာမှတ်သား သင်ယူစရာကောင်းလှပါသည်။

သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာခေတ်တွင် အွန်လိုင်းသုံးစွဲသူအများစုမှာလည်း သတင်းတွေဖတ်ကြ၊ ထပ်ဆင့်ဝေငှကြ၊ ကိုယ်တိုင်ရေးကြသားကြ၊ ဝေဖန်ပြောဆိုကြနှင့် တစ်စတစ်စ ကိုယ်တိုင်သတင်းသမားများ၊ ဝေဖန်ရေး ရီဗျူးရေးသူများ ဖြစ်နေကြသည်မဟုတ်ပါလား။ ။

ကိုးကား။ ။ မောင်ဝံသ၏ “သတင်းစာပညာ သဘောတရားနှင့် လက်တွေ့”

> **သတင်းစာဆရာဟာ သာမန်လူ၊ သာမန်အရပ်သားတွေထက် အမြင်ကျယ်ရပါမယ်။ အမှားအမှန်၊ အကောင်းအဆိုးကို လူပြိန်းတွေထက် ပိုသိပိုမြင်ပါမှ သတင်းစာဆရာကောင်း ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း သတင်းစာဆရာဆိုတာ တိုင်းပြည်ရဲ့ နား၊ မျက်စိလို့ တင်စားကြတာပေါ့။ သည်တော့ သတင်းစာဆရာဟာဘယ်သူ့ရဲ့နောက်မြီးဆွဲမှ မဖြစ်စေရပါဘူး။ ပြည်သူလူထု နောက်မြီးဆွဲလည်း မဖြစ်ရပါဘူး။ ပြည်သူလူထုက မှားနေရင်လည်း မှားနေတာကို ဖော်ပြရပါမယ်။ သတင်းစာဆရာဟာ အမှန်တရားဘက်ကပဲ ဘက်လိုက်ရပါမယ်။ ပြဿနာရပ်တိုင်းမှာ အမှန်နဲ့အမှားကို ခွဲခြားနိုင်စွမ်းရှိဖို့တော့ လေ့လာမှုတွေ ရှိရမှာပေါ့**

# ကမ္ဘာတစ်ဝန်း ပြန်လည်ရှင်သန်လာသည့် ခရီးသွားလုပ်ငန်း

စိုးသူရ

ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိနေရသည်။ ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းသည် ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူရန် အကူအညီပေးသည်။ ခရီးသွားလုပ်ငန်းမှတစ်ဆင့် နိုင်ငံအသီးသီး၏ ထုတ်ကုန်များကို ပြည်ပခရီးသွားများအား ရောင်းချခြင်းဖြင့် ဝင်ငွေရရှိမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းကို အောက်ပါအတိုင်းတွေ့ရှိရသည်။



ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ် ဘုရားကျောင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း ပြည်ပ ခရီးသွားများကို တွေ့ရစဉ်။

**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံတွင် ယမန်နှစ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရသည်။

တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်လာရခြင်းမှာ နိုင်ငံအတွင်းသို့ ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းနှင့်အတူ တရုတ်နိုင်ငံ၏ ခေတ်မီသည့်နည်းပညာဆိုင်ရာလုပ်ငန်းများ တိုးတက်နေသည့်ဒေသများကို ပြည်ပခရီးသွားများ စိတ်ဝင်စားမှုမြင့်တက်လာခြင်းကြောင့်ဖြစ်သည်။

နိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဂျာမနီ၊ မလေးရှားနှင့် စပိန်နိုင်ငံတို့မှ ခရီးသွားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုပြီး ၁၅ ရက်နေထိုင်လည်ပတ်ခွင့်ပြုခဲ့သည်။

နော်ဝေနိုင်ငံတွင် ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည့် ခရီးသွားလုပ်ငန်းပြပွဲတွင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလက်ရာများနှင့် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုခြင်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြသခဲ့ရာ ပြပွဲတက်ရောက်လာသူများအကြား စိတ်ဝင်စားမှုမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံသည် မိမိ၏ သွားရောက်လည်ပတ်လိုသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပြပွဲတွင်ရှင်းလင်းပြောကြားသည့် တရုတ်နိုင်ငံ၏ ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုသည့် အကြောင်းအရာများက မိမိနှင့် မိတ်ဆွေများအတွက် တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် ဆွဲဆောင်ခဲ့သည်ဟု နော်ဝေနိုင်ငံသားတစ်ဦးဖြစ်သည့် အန်နီကင်အန်ဗတ်က ပြောကြားသည်။ ၎င်းပြပွဲတွင် ခရီးသွားလုပ်ငန်းဆိုင်ရာပြခန်းပြသသူ ဇန်လီမင်က နော်ဝေနိုင်ငံသားများအကြား တရုတ်နိုင်ငံသို့ သွားရောက်လိုသည့် ဆန္ဒပြင်းပြလာသည်ကိုတွေ့ရှိရကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပေကျင်း ဒိုက်ဇင်အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ပြည်ပခရီးသွားများအတွက် ယခုနှစ်မှစတင်၍ ဝန်ဆောင်မှုပေးသည့် ကောင်တာများ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၎င်းကောင်တာများတွင် ငွေကြေး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများအတွက် ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ ဆောင်ရွက်ပေးမည့်လုပ်ငန်းများတွင် ခရီးသွားများအတွက် ဘဏ်မှငွေထုတ်ခြင်း၊ ငွေလဲလှယ်ခြင်း၊ ဆင်းကတ်ဝယ်ယူခြင်း၊ နိုင်ငံအတွင်းရှိ ခရီးသွားနေရာများ သွားရောက်ရန်စီစဉ်ပေးခြင်းတို့ကို ဝန်ဆောင်မှုပေးသည်။ ပြည်ပခရီးသွားများ နိုင်ငံအတွင်း ခေတ္တလာရောက်ရာတွင် အဆင်ပြေစေရေးအတွက် ယမန်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် နိုင်ငံအတွင်း လာရောက်သည့် တစ်ထောက်နား ခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာကို နာရီပေါင်း ၂၄၀ အထိ ခွင့်ပြုသည့်မူဝါဒကို ချမှတ်ခဲ့သည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် Tourism Plus Shanghai 2025 ဟု အမည်ရသည့် ခရီးသွားကုန်စည်ပြပွဲကို ယခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။

၎င်းပြပွဲတွင် ပြခန်းပေါင်း ၆၀၀၀ ကျော်ရှိပြီး နိုင်ငံနှင့် ဒေသပေါင်း ၁၄၀ ကျော်မှ ခရီးသွား ၄၅၀၀၀၀ ကျော်ကို ဆွဲဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ပွဲစီစဉ်သူများ၏အဆိုအရ ကုန်စည်ပြပွဲတွင် ခရီးသွားလုပ်ငန်း၊ အစားအသောက်နှင့် အဖျော်ယမကာ၊ လက်လီ၊ စီးပွားဖြစ်အိမ်ခြံမြေနှင့် ကျန်းမာရေး စသည့်ကဏ္ဍများမှ လုပ်ငန်း ၁၄ ခုကို ပြသမည်ဖြစ်ကာ ခရီးသွားလုပ်ငန်းကို မြှင့်တင်မည်ဖြစ်သည်။

**ကမ္ဘောဒီးယားနိုင်ငံ**

ကမ္ဘောဒီးယားနိုင်ငံသို့ ယမန်နှစ်အတွင်း ပြည်ပခရီးသွား ၆ ဒသမ ၇ သန်း ဝင်ရောက်ခဲ့ပြီး ၂၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟန်ဒါနီက ပြောကြားသည်။

နိုင်ငံအတွင်းသို့ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ လာအိုနှင့် အမေရိကန်နိုင်ငံများမှ ခရီးသွားများ ဝင်ရောက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ငြိမ်းချမ်းခြင်း၊ သွားလာလည်ပတ်စရာ ခရီးသွားနေရာများရှိခြင်းနှင့် နိုင်ငံသားများ၏ဖော်ရွေမှုတို့ကြောင့် ခရီးသွားများ လာရောက်လည်ပတ်မှုများပြားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုနှစ် နှစ်စပိုင်းမှစတင်၍ ကမ္ဘောဒီးယားအစိုးရသည် ပြည်ဝင်ခွင့်ဗီဇာနှုန်းထားများကို လျှော့ချပေးခြင်းဖြင့် ခရီးသွားများကို ဆွဲဆောင်ခဲ့သည်။ ယခုနှစ်အတွင်း နိုင်ငံအတွင်းသို့ ခရီးသွား ခုနစ်သန်း လာရောက်ရန်ရည်မှန်းချက်ထားဆောင်ရွက်နေပြီး ပြည်ဝင်ခွင့်ဗီဇာနှုန်းထားလျှော့ချခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများနိုင်ငံအတွင်း လာရောက်စေရေး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း ဆီရမ်ယိပြည်နယ်တွင် ယူနက်စကိုအမွေအနှစ်စာရင်းဝင် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေတည်ရှိပြီး ၎င်းနေရာသို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိရာ ပြည်ပမှ ဝင်ငွေများရရှိနေသည်။

အန်ကော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ၉ ရာစုမှ ၁၅ ရာစုအထိ ခမာအင်ပါယာ၏ မြို့တော်အမျိုးမျိုး၏ ခမ်းနားထည်ဝါသော အကြွင်းအကျန်များကို တွေ့ရှိနိုင်သည်။

ခရီးသွားလုပ်ငန်းသည် အထည်ချုပ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ပြည်ပပို့ကုန်တင်ပို့သည့်လုပ်ငန်းများနှင့်အတူ နိုင်ငံ၏ဝင်ငွေကို ရှာဖွေပေးနေသည့်လုပ်ငန်းဖြစ်သည်။

**မလေးရှားနိုင်ငံ**

မလေးရှားနိုင်ငံတွင် ၂၀၂၆ ခုနှစ် မလေးရှားနိုင်ငံ ခရီးသွားလာရေးလှုပ်ရှားမှု စတင်ဆောင်ရွက်သည့်အခမ်းအနားကို ဇန်နဝါရီ ၆ ရက်တွင် ဝန်ကြီးချုပ် အန်ဝါ အီဗရာဟင် တက်ရောက်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ ယခုခရီးသွားလာရေး အစီအစဉ်ကို ဆောင်ရွက်နိုင်ခြင်းသည် မလေးရှားနိုင်ငံအား ကမ္ဘာ့အဆင့်မီ ခရီးသွားနေရာတစ်ခုဖြစ်လာစေရေး အောင်မြင်သည့်ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ခရီးသွားလုပ်ငန်း အောင်မြင်ရေးအတွက် ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးချုပ်က ညွှန်ကြားထားသည်။ အာဆီယံအလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်မည့် ယခုနှစ်နှင့် ခရီးသွားလုပ်ငန်းနှစ်ဖြစ်သည့် လာမည့်နှစ်များတွင် နိုင်ငံအတွင်းသို့ ခရီးသွားဝင်ရောက်မှုများလာစေရေးအတွက် ခရီးသွားလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်ဟု သိရသည်။ မလေးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်အတွင်း ခရီးသွားအရေအတွက် ၃၅ ဒသမ ၆ သန်း ဝင်ရောက်ရန် မျှော်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ရင်းဂစ် ၁၄၇ ဒသမ ၁ ဘီလီယံရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုမြင့်တက်လာမည်ဖြစ်သည်။ ။

ကိုးကား-ဆင်ဟွာ



တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ် Jiuzhou ရှေးဟောင်းမြို့သို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။

- **တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်လာရခြင်းမှာ နိုင်ငံအတွင်းသို့ ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းနှင့်အတူ တရုတ်နိုင်ငံ၏ ခေတ်မီသည့်နည်းပညာဆိုင်ရာလုပ်ငန်းများ တိုးတက်နေသည့်ဒေသများကို ပြည်ပခရီးသွားများ စိတ်ဝင်စားမှုမြင့်တက်လာခြင်းကြောင့်ဖြစ်**
- **ကမ္ဘောဒီးယားနိုင်ငံသည် ငြိမ်းချမ်းခြင်း၊ သွားလာလည်ပတ်စရာ ခရီးသွားနေရာများရှိခြင်းနှင့် နိုင်ငံသားများ၏ ဖော်ရွေမှုတို့ကြောင့် ခရီးသွားများ လာရောက်လည်ပတ်မှုများပြား**

# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းဆိုင်ရာ သံတမန် စတီးဗ်ဝတ်ကော့ဖ်တို့ ဂါဇာအရေး ဆွေးနွေး



**ဂါဇာစီးတီး ဇန်နဝါရီ ၁၂**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းဆိုင်ရာသံတမန် စတီးဗ်ဝတ်ကော့ဖ်သည် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွတ်မြောက်ရေးအတွက် တွန်းအားပေးရန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ယမန်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့များနှင့် ဂါဇာရှိ ဟားမတ်စ်တို့ကြား တိုက်ပွဲများ ရပ်တန့်ရေးနှင့် ဓားစာခံများ လွတ်မြောက်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ကာတာနိုင်ငံ၌ ပြုလုပ်လျက်ရှိသည်။

နေတန်ယာဟုနှင့် စတီးဗ်ဝတ်ကော့ဖ်တို့သည် ဇန်နဝါရီ ၁၁ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

**ပြောကြား**

ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့် ရာထူးတာဝန်များ ထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုမည့် ဇန်နဝါရီ ၂၀ ရက်မတိုင်မီ ဟားမတ်စ်က ဓားစာခံများကို လွှတ်ပေးခြင်းမရှိပါက ကြီးမားသောပေးဆပ်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က မကြာသေးမီက ပြောကြားခဲ့သည်။

နေတန်ယာဟုက မော့ဆက်ထောက်လှမ်းရေး အေဂျင်စီအကြီးအကဲနှင့် အခြားအရာရှိများကို ကာတာနိုင်ငံသို့ စေလွှတ်ထားကြောင်းလည်း အစ္စရေးဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

စေ့စပ်ညှိနှိုင်းမှုတွင် တိုးတက်မှုအချို့ရှိနေပြီဖြစ်ကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ ပြည်တွင်းမီဒီယာများက သတင်းဖော်ပြသည်။

ဂါဇာ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ လက်ရှိအချိန်အထိ သေဆုံးသူအရေအတွက် ၄၆၅၃၇ ဦးအထိ ရှိလာကြောင်း ဒေသန္တရကျန်းမာရေးအရာရှိများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# အီသီယိုးပီးယားနိုင်ငံတွင် ပထမဆုံးစတော့ရှယ်ယာဈေးကွက်ဖွင့်လှစ်

**အဒစ်အဘာဘာ ဇန်နဝါရီ ၁၂**

အီသီယိုးပီးယားနိုင်ငံတွင် နှစ်ပေါင်း ၅၀ အတွင်း နိုင်ငံ၏ပထမဆုံး စတော့ရှယ်ယာ ဈေးကွက်ကို ဇန်နဝါရီ ၁၀ ရက်က ဝန်ကြီးချုပ် အာဗေအာမက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် စတော့ရှယ်ယာဈေးကွက်သည် နိုင်ငံစီးပွားရေးအတွက် သမိုင်းဝင် အောင်မြင်မှုဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခု ဆောင်ရွက်ချက်သည် နိုင်ငံစီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်ပြီး နိုင်ငံစီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍမြှင့်တင်ရေးအတွက် အစိုးရ၏ဆောင်ရွက်ချက်ကို အားဖြည့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဖွင့်လှစ်သည့် စတော့ရှယ်ယာဈေးကွက်က အကူအညီများပေးအပ်မည်ဖြစ်ကာ နိုင်ငံအတွင်းရှိဌာနဆိုင်ရာလုပ်ငန်းများနှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုတွင် အားဖြည့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဗြိတိန်နှင့် တရုတ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီ

**ပေကျင်း ဇန်နဝါရီ ၁၂**

ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရာချယ်ရီဗီးစ်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလီဖန်တို့သည် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် ယမန်နေ့က သဘောတူညီခဲ့ကြသည်။

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ "အမေရိကန်သည်သာ ပထမ" ဟူသည့် မူဝါဒနှင့် ပတ်သက်ပြီး ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရာချယ်ရီဗီးစ်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလီဖန်တို့သည် ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို မျှဝေခဲ့ကြောင်း သိရသည်။

ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရာချယ်ရီဗီးစ်နှင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလီဖန်တို့သည် ဇန်နဝါရီ ၁၁ ရက်တွင် ပေကျင်းမြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ရာချယ်ရီဗီးစ်သည် ခြောက်နှစ်အတွင်း ဗြိတိန်နှင့် တရုတ်နိုင်ငံအကြား ပထမဆုံးသော အဆင့်မြင့်စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာဆွေးနွေးပွဲအတွက် ထိပ်တန်းဘဏ္ဍာရေးအရာရှိများပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။

ဘဏ္ဍာရေးဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် အခြားသောနယ်ပယ်များတွင်လည်း ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရန် နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့ကြောင်း ဗြိတိန်အစိုးရက ပြောကြားသည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံများကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံ၏အကျိုးစီးပွားနှင့် အလုပ်သမားများ၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေကြောင်း ရာချယ်ရီဗီးစ်က ပြောကြားသည်။

သန့်ရှင်းသောစွမ်းအင်နှင့် ဉာဏ်ရည်တုကဲ့သို့သော ကျယ်ပြန့်သောနယ်ပယ်များတွင် အတူတကွလုပ်ဆောင်နိုင်ကြောင်းလည်း တရုတ်ဒုတိယဝန်ကြီးချုပ် ဟီလီဖန်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအားကောင်းစေရန် ဥရောပနိုင်ငံကြီးများနှင့် ဆက်ဆံရေးကို မြှင့်တင်ရန် ကြိုးစားလျက်ရှိသည်။

ဗြိတိန်နှင့် တရုတ်တို့အပေါ် စည်းကြပ်ခွန်များ တိုးမြှင့်မည်ဟု ထရမ့်က ပြောကြားခဲ့သည်။ အမေရိကန်သည် နှစ်နိုင်ငံစလုံးအတွက် အရေးကြီးသော ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ပိုလန်နိုင်ငံမြောက်ပိုင်းဒေသများ၌ နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အိမ်ခြေ ၃၂၀၀၀ လျှပ်စစ်မီးပြတ်တောက်

**ဝါဆော ဇန်နဝါရီ ၁၂**

ပိုလန်နိုင်ငံမြောက်ပိုင်းဒေသများတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၃၂၀၀၀ လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း ပိုလန်ရေဒီယိုက ယနေ့ပြောကြားသည်။

ဇန်နဝါရီ ၉ ရက်မှစတင်၍ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျခြင်းနှင့် ဓာတ်တိုင်များပြိုလဲခြင်းတို့ ဖြစ်ခဲ့ကြောင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများက လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နိုင်ငံအရှေ့ပိုင်း၊ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ တောင်တန်းများတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြုံတွေ့နေရကြောင်း သိရသည်။

တာထရာတောင်တန်းဒေသတွင် နှင်းထုပြိုကျနိုင်မှု အရေးပေါ်အခြေအနေသတ်မှတ်ထားပြီး ဒေသခံများအား သတိပြုနေထိုင်ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အဝေးပြေးလမ်းမများကို ပိတ်ထားပြီး နှင်းဖယ်ရှားရေးယာဉ်များကို အသုံးပြုကာ နှင်းဖယ်ရှားခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကယ်လီဖိုးနီးယားတောမီးကြောင့် ပျောက်ဆုံးသွားသူများကို ရှာဖွေကယ်ဆယ်ရန် အထူးအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်း

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

ကယ်လီဖိုးနီးယား တောမီးကြောင့် ပျောက်ဆုံးသွားသူများကို ရှာဖွေကယ်ဆယ်ရန် အထူးအရေးပေါ် ကယ်ဆယ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းခဲ့ကြောင်း လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့က ပြည်သူ ၃၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့် သို့မဟုတ် သတိပေးချက်များ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။



ပစိဖိတ် Palisades ရပ်ကွက်တွင် ဇန်နဝါရီ ၇ ရက်က စတင်ခဲ့သော တောမီးလောင်ကျွမ်းမှုမှာ လေပြင်း တိုက်ခတ်မှုကြောင့် လော့စ်အိန်ဂျလိစ် အရှေ့မြောက်ပိုင်းအပါအဝင် အခြားနေရာများအထိ လျင်မြန်စွာကူးစက်ပျံ့နှံ့ခဲ့သည်။

ကမ္ဘာ့နာမည်ကြီး ပြတိုက်များထဲမှ တစ်ခုဖြစ်သည့် Getty Center အပါအဝင် အခြားအခြေချနေထိုင်သူများကို မဖြစ်မနေ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ လူအများအပြားကို ကားဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး လမ်းမများပေါ်တွင် ပိတ်ဆို့မှုများ ဆိုးရွားစွာ ဖြစ်ပေါ်စေခဲ့သည်။

တောမီးသည် စတုရန်းကီလိုမီတာ ၁၆၀ ကျော် လောင်ကျွမ်းခဲ့သည်။ လက်ရှိအချိန်ထိ ၁၆ ဦး သေဆုံးပြီး အဆောက်အအုံ ၁၀၀၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုများကြောင့် အန္တရာယ်ရှိသော မီးခိုးငွေ့များနှင့် အမှုန်အမွှားများကြောင့် လေထုအရည်အသွေးကို ကျဆင်းစေသည့်အတွက် ဒေသဆိုင်ရာ အာဏာပိုင်များက ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့သည်။

မီးငြိမ်းသတ်မှုများ ဆောင်ရွက်လျက်ရှိစဉ် လေပြင်းများ ထပ်မံတိုက်ခတ် လာနိုင်သည့်အတွက် အာဏာပိုင်များက ပြည်သူများအား နိုးကြားစွာဖြင့် နေထိုင်ကြရန် တိုက်တွန်းပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကန့်ဘလူမြို့နယ်၌ လယ်ယာမြေဧက ၁၀၀ ကိုစက်မှုလယ်ယာမြေအဖြစ် စနစ်တကျဖော်ထုတ်မည်

ကန့်ဘလူ ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ယင်းသာကျေးရွာ၌ ဒေသခံတောင်သူများ၏ လယ်ယာမြေများကို စက်မှုလယ်ယာအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရေး စနစ်တကျလယ်ယာမြေအဖြစ် ဧက ၁၀၀ ဖော်ထုတ်မည်ဖြစ်ရာ ဇန်နဝါရီ ၁၆ ရက်တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။



စက်မှုလယ်ယာများ ဖော်ထုတ်ရာတွင် ထွန်ယက်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်ကိရိယာများဖြင့် ဆောင်ရွက်ကြရာ၌ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သော မြေအကျယ်အဝန်းတိုင်းတာခြင်း၊ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထယ်ချခြင်း၊ မြေညှိခြင်း၊ တစ်သီးမှသည် နှစ်သီးသုံးသီးစိုက်ပျိုးနိုင်ရေးအတွက် ရေသွင်းရေထုတ်စနစ်များ၊ ထွက်ရှိလာသောသီးနှံများကို သယ်ယူရောင်းချနိုင်ရေး ကုန်ထုတ်လမ်းများ စသည်ဖြင့်အဆင့်ဆင့် ဖော်ထုတ်ရမည်ဖြစ်သည်။

ထိုသို့စက်မှုလယ်ယာများ ဖော်ထုတ်ရာတွင် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဖော်ထုတ်မည်ဖြစ်ကြောင်းနှင့် ဒေသခံတောင်သူများ၏ လယ်ယာမြေများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း၊ ကုန်ထုတ်လမ်း၊ ရေသွင်းရေထုတ် မြောင်းများ၊ ရေတံခါး၊ ရေယူအဆောက်အအုံ၊ ထွန်စက်တက်ဆင်းပြုလုပ်ရာ လမ်းတို့ကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်ကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ထွန်းက ပြောသည်။

စိုက်ပျိုးလုပ်ကိုင်သူတောင်သူများ အနေဖြင့် စက်မှုလယ်ယာစနစ်တွင် စက်ယန္တရားအသုံးပြု၍ စိုက်ပျိုးနိုင်ပါက လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်ပြီး အချိန်တိုအတွင်း သီးနှံများကို နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်သည်။ စနစ်ကျလယ်ယာမြေများသည် ရေထိုင်မြေထိုင်ကောင်းမွန်၍ သမားရိုးကျလယ်ယာမြေများထက် သီးနှံအထွက်နှုန်းပိုမိုကောင်းမွန်ခြင်း၊ ဈေးကွက်သို့ပို့ဆောင်ရာတွင် လျင်မြန်လွယ်ကူစေခြင်း စသည့်အားသာချက်များရှိကာ ယခုကဲ့သို့ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်နိုင်ခြင်းဖြင့် ဒေသခံတောင်သူများအတွက်ရော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အဆိုပါစနစ်ကျလယ်ယာမြေ ဖော်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ယင်းသာကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက “ကျွန်တော်တို့ဒေသက လယ်တစ်ကွက်နဲ့တစ်ကွက်ကလည်း ဆက်နေပြီး လယ်ကြားမြောင်းတွေကလည်း ပျောက်ကုန်တယ်။ လယ်ကိုသွားရင် အဝင်လမ်း၊ အထွက်လမ်းလည်း မရှိတော့ သီးနှံစိုက်ပျိုးချိန်ဆို သွားရေးလာရေးခက်သလို လယ်ကြားမြောင်းမရှိတဲ့အတွက် ရေအခက်အခဲလည်းရှိကြပါတယ်။ အခုဖော်ထုတ်ပေးမယ့် လယ်ယာမြေတွေက ကုန်ထုတ်လမ်းတွေ၊ ရေသွင်းမြောင်းတွေ စနစ်တကျပါတဲ့အတွက် စိုက်ပျိုးချိန်မှာ ရေအဆင်ပြေသလို သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုပြီးကောင်းမွန်လာမှာဖြစ်ပါတယ် ” ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက်ကိုပါ ပိုမိုကျယ်ပြန့်စွာ ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ပေါင်းတည်မြို့နယ်၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော မတ်ပဲစိုက်ခင်းများနှင့် သဘာဝမြေသြဇာပင်များအား ကွင်းဆင်းကြည့်ရှုအားပေး

ပေါင်းတည် ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော မတ်ပဲစိုက်ခင်းများနှင့်အတူ သဘာဝမြေသြဇာပင်များအား မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြသည်။

**ကြည့်ရှုအားပေး**

ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာအုပ်စုရှိ ကြူတောကန်၊ နတ်ပုတီးနှင့် ထန်းသုံးခွကျေးရွာ၊ ဘိုးသာအောင်ကုန်းကျေးရွာ အုပ်စုရှိ ကျောင်းကုန်း၊ စခန်းကြီး၊ ညောင်ပင်ကုန်းနှင့် ကင်ပွန်းခြံကျေးရွာ၊ မကြီးပင်ကျေးရွာအုပ်စုရှိ မကြီးပင်၊ ကုက္ကိုကုန်း၊ ပေါက်တန်းကျေးရွာများရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော တောင်သူများ၏ TBL-9 မတ်ပဲစိုက်ခင်းများနှင့် သဘာဝမြေသြဇာအဖြစ် အသုံးပြုရန် မတ်ပဲစိုက်ခင်းများ၏ ပတ်လည်တွင် စိုက်ပျိုးထားသော ပိုက်ဆံလျှော်ပင်များအား ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့မှ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမျိုးမင်းမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မျိုးမင်း ဦးဆောင်သောအဖွဲ့သည် လုပ်ငန်းခွင်အတွင်းရှိ တောင်သူများနှင့်တွေ့ဆုံကာ စိုက်ခင်းများ၏ အခြေအနေနှင့်ပတ်သက်၍ အသိပညာများမျှဝေ ဆွေးနွေးကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ဧက ၃၃၃၁ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့်နွေသီးနှံစိုက်ပျိုးရာသီတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်းဧက ၃၃၃၁ ဧကအကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း ဧက ၃၃၃၁ ဧက စိုက်ပျိုးဆောင်ရွက်သွားဖို့ ရှိပါတယ်။ တောင်သူတွေနဲ့ ကန်ထရိုက်လယ်ယာစနစ် အကျိုးတူပူးပေါင်းဆောင်ရွက်မယ့်ကုမ္ပဏီက Green Growth Generation (GGG) ကုမ္ပဏီဖြစ်ပါတယ်။ လက်ရှိမှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း စိုက်ပျိုးဆောင်ရွက်မယ့် ကျေးရွာ ၁၉ ရွာက ဒေသခံတောင်သူတွေနဲ့တွေ့ဆုံပြီး ကုမ္ပဏီနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တွေကို အသိပေးရှင်းလင်းဆွေးနွေးပြောကြားပြီးဖြစ်ပါတယ်။ ရေသွင်းနှမ်းစိုက်ပျိုးရာတွင် မျိုးစေ့ထုတ် စိုက်ကွက် ၁၅၅ ဧကနဲ့ ရိုးရိုးစိုက်ကွက် ၃၁၇၆ ဧက စုစုပေါင်း ၃၃၃၁ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေ သီးနှံစိုက်ပျိုးရာမှာ လိုအပ်တဲ့ သဘာဝမြေသြဇာနဲ့ သဘာဝဆေးတွေကိုလည်း လက်လှမ်းမီ အလွယ်တကူ သုံးစွဲလို့ရအောင် မြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA) က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်” ဟု ပွင့်ဖြူမြို့နယ်တောင်သူ အကျိုးဆောင်အသင်း(FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောကြားသည်။

ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရေး၊ အရည်အသွေးမြင့်သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများတွင် ထုတ်လုပ်သူရော စားသုံးသူပါ အစားအစာ ဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စသည့်တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ ဒေသတွင်းရှိ တောင်သူများကို သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိစေရန် ကန်ထရိုက်လယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးခြင်း၊ စိုက်ပျိုးသီးနှံများပေါ်ချိန်တွင် တောင်သူများအတွက် သင့်တင့်မျှတသော သီးနှံဈေးနှုန်းများ ရရှိစေရေးအတွက် တောင်သူစုပေါင်းသီးနှံရောင်းချပွဲများ ကျင်းပပေးခြင်းများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**





# ဖြူးမြို့နယ်အတွင်း ကြံစိုက်များ ကြံခုတ်ဖြန့်ဖြူးလျက်ရှိ

ဖြူး ဇန်နဝါရီ ၁၂

ကြံစိုက်ပျိုးမှုဧက ပြည့်မီပြီးကြံတန်ချိန် အထွက်ကောင်းရေးအတွက် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ကြံစိုက်ဧက ၁၅၂၁ ဧက စိုက်ပျိုးထားခဲ့ရာ ကြံခုတ်ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

“ဖြူးမြို့နယ်မှာကြံမျိုးအနေနဲ့ ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ K-95/84 အထွက်ကောင်း မျိုးကိုအများဆုံးစိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်း ၃၅ တန်ကနေ တန် ၄၀ ထွက်ရှိပါတယ်”ဟု ကြံစိုက်တောင်သူ ကိုညွန့်ဝင်းထံက သိရသည်။

ဖြူးမြို့နယ်အတွင်း ကြံစိုက်ပျိုးရာတွင် ကြံစိုက်တောင်သူများ စိုက်ပျိုးနိုင်မှု ၁၄၁၅ ဧက၊ ညောင်ပင်သာသုတေသနခြံတွင် စိုက်ပျိုးနိုင်မှု ၉၅ ဧက၊ စိမ့်ကြီးခြံတွင် စိုက်ပျိုးနိုင်မှု ၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသအတွင်း စိုက်ပျိုးသည့်ကြံမျိုးများကို ညောင်ပင်သာကြံမျိုးပွားခြံနှင့် စိမ့်ကြီးမျိုးပွားခြံတို့မှ အဓိကထားမျိုးယူတိုးချဲ့စိုက်ပျိုးကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဘက်စုံသာစွ ပြာသိုလ

စိန်ငွေလှိုင်(ဟိုပုံးမြေ)



နေမင်းသည် အရုဏ်တက်အချိန်တွင် တောင်ယဉ်စွန်းတန်း၍ ကျရောက်ထွန်းလင်းနေသည်။ နှင်းတို့မှာစိုရွှဲစွာကျနေပြီး ခွာညိုပန်းတို့ ဖူးပွင့်နေသည်မှာ သင်းပျံ့မွှေးကြိုင်နေသည်။ တစ်ပြည်လုံးတွင် မြင်းခင်းသဘင်ပွဲတော်ကို ဆင်နွှဲကြသည်။ ဖုဿျှနက္ခတ်သည် လမင်းနှင့်စန်းယှဉ်နေသည်။ ပုစွန်တာရာသည် ကောင်းကင်ထက်တွင် လင်းနေသော်လည်း နှင်းမြူများကပိတ်ဖုံးနေသည်။ “အာဒိစ္စရယ်တဲ့ဖန်သူရိန်၊ ပြင်လမ်းသူ့ခွာလို့၊ ဒက္ခိဏာယဉ်အစွန်းမှာ၊ ထွန်းတဲ့ခါချိန်၊ ပြာသိုမှာဖြာစိုနှင်းရယ်နဲ့၊ ခါအလိုခွာညိုသင်းပါဘိ၊ မြင်းခင်းမြတ်တော်သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး၊ ပုဏ္ဏမာဖုဿျှငယ်ယုန်စန္ဒာနဲ့၊ မှုန်ပြာပြာဝဠာတွင်းမှာလ၊ ငွေပုစွန်တာရာလင်းတယ် နှင်းမြူပိတ်ဖုံး”ဟုဆိုကာ မဟာဂီတ ဦးပြုံးချိုက ပြာသိုလအကြောင်းကို လေးဆစ်သဖြန်ဖြင့်ရေးဖွဲ့ခဲ့သည်။

ပြာသိုလသည် မြန်မာပြက္ခဒိန်၏ ဒသမမြောက်လဖြစ်ပြီး ဒီဇင်ဘာ သို့မဟုတ် ဇန်နဝါရီလအတွင်းကျရောက်တတ်သည်။ ရှေးကျောက်စာများတွင်“ပ္လသိုဝ်”ဟုရေးထိုးခဲ့သည်။ ပ္လဆိုသောစကားလုံးမှာ“ပျ”ဟုရေးသားခြင်းဖြစ်ရာ“ပျားဖယောင်း”ဟူ၍အနက်အဓိပ္ပာယ်ရသည်။ ကာလကြာလာသည့်အခါ“ပြာ”အဖြစ်သို့ပြောင်းလဲသွား၏။ “သိုဝ်”ဆိုသည်မှာ “စုဆောင်းသိုလှောင်ခြင်း”ကို ခေါ်ဆိုသည်။ ထို့ကြောင့် ပြာသိုလကို “ပျားဖယောင်းစုဆောင်းသည့်လ”ဟုမှတ်ယူကြသည်။ ရက်စုံလဖြစ်ပြီး ဆောင်းရာသီ၏အလယ်ဗဟိုကာလဖြစ်သည်။ နေ့တာတို့၍ ညတာရှည်ကာ ဗေဒင်အလိုအားဖြင့် မကရရာသီဟု ခေါ်ဆိုသည်။

“လမြတ်ပြာသို ပန်းခွာညို”ဆိုသည့်စကားအတိုင်း ခွာညိုပန်းသည် ပြာသိုလ၏ ရာသီပန်းဖြစ်သည်။ နှင်းရည်သောက်ကာ စိမ်းလန်းနေသည့် ခွာညိုနွယ်များထက်တွင် အပွင့်များမှာ ဖွေးဖွေးလှုပ်အောင်ပွင့်နေကြသည်။ နှင်းစက်နှင့်အပြိုင် ဖွေးဖွေးလှုပ်နေသည့် ခွာညိုပန်းရနံ့သင်းသင်းကလည်း ဆောင်းရာသီကို အသက်ဝင်စေသည်။ ထို့ကြောင့် စာဆိုရှင် ဖိုးသူတော်ဦးမင်းက ပြာသိုလဘွဲ့တွင် “ငွေသော်တာစန္ဒနှင့် ဖုဿျှတဲ့လမ်းဆုံ၊ တိမ်လွှာမှာရောင်ဝါကျင်းလို့ နှစ်မင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ၊ တသိန်ဂုဏ်၊ မြိုင်စုံမြနန်း၊ နုစိမ်းစိုစိုနှင့် ပန်းခွာညိုငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း”ဟု ရေးစပ်သီကုံးခဲ့သည်။

ပြာသိုလ၏ရာသီဥတုမှာ ပွင့်လင်းသာယာလျက်ရှိသည်။ ထို့ကြောင့် ရှေးပဒေသရာဇ်ခေတ်တွင် မြင်းခင်းသဘင်ဟုခေါ်ဆိုသော သူရဲကောင်းရွေးချယ်ပွဲကို ကျင်းပခဲ့သည်။ ပြာသိုလဆန်းတစ်ရက်နေ့မှ သုံးရက်နေ့အထိ ကျင်းပကြသည်။ မြင်းခင်းသဘင်ပွဲကျင်းပပုံမှာ မင်းညီမင်းသားတို့သည် မိမိတို့ရရှိထားသော အဆောင်အယောင် အဆင်တန်ဆာများဝတ်ဆင်ကာ ဆင်ရေး၊ မြင်းရေး၊ လှံရေး၊ ဓားရေး၊ အခုန်အပြေးစသည့် အတတ်မျိုးစုံဖြင့် ယှဉ်ပြိုင်ကြသည်။ ထို့ကြောင့် “ဆင်ပေါက်ဦးစီး၊ မှူးကြီးမတ်များ၊ ရွှေသားစိုစို၊ မောက်တိုမောက်လူ၊ လှံဓားဆွဲ၊ လက်ဝဲလက်ယာ၊ တီးပါအတည်၊ မြင်းရှည်မြင်းတို၊ ကိုယ်ကိုဝတ်ဆင်၊ ရွှေဖျင်အကျီ၊ ပုစွန်ဆီနှင့်၊ နီလာမြသွေး၊ စိုင်းနှင်ပြေး၍၊ မြင်းရေးယှဉ်ပြိုင်၊ စက်တိုင်စက်ကွင်း၊ စီးနင်းထိုးဖောက်၊ ရှေ့နောက်ဆုတ်ငင်၊ ဆင်လည်းမုန်ပြင်း၊ မြင်းခင်းပွဲတော်”ဟူ၍ စာဆိုဦးယာက မြင်းခင်းသဘင်မှ သူရဲကောင်းများ၏ ဝတ်စားဆင်ယင်ပုံနှင့် ယှဉ်ပြိုင်ပုံတို့ကို ရေးသားခဲ့သည်။ မြင်းစီးသူရဲကောင်းတို့က မြင်းကိုစီးလျက်၊ ရပ်လျက်၊ အိပ်လျက်၊ ရှေ့ပြန်နောက်ပြန်ပြုလျက် စီးပြကြ၏။ မြင်းစီးနေစဉ်မှာပင် အဲမောင်းအား လှံဖြင့်ပစ်ကာ ဓားရေးပြကြသည်။ အဲမောင်းဆိုသည်မှာ တိုင်ထိပ်တွင် အလံလွှင့်ထားသည့်စက်ဝန်းကို ခေါ်ဆိုသည်။ မြင်းခင်းသဘင်ပွဲတွင် မြင်းရေးတစ်ခုတည်းသာမက စက်ကွင်းလှံထိုးပွဲ၊ အဲမောင်း ၃၇ မျိုးပြပွဲ၊ လှံထိုးဓားခုတ်ပြိုင်ပွဲ၊ လေးအစွမ်းပြိုင်ပွဲ၊ တုတ်သိုင်းပြိုင်ပွဲ၊ ဓားပြိုင်ပွဲ၊ ကူလီရိုင်ပြိုင်ပွဲနှင့် ဆင်ခင်းပွဲစသည်တို့ ပူးတွဲကျင်းပကြသည်။ မြင်းခင်းသဘင်သည် စစ်သွေးစစ်မာန်တက်ကြွစေပြီး နိုင်ငံတော်ကာကွယ်ရေးတွင် အထောက်အကူပြုသည်။ မြင်းခင်းသဘင်ကို သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က ပင်းယတစ်စီးရှင် သီဟသူလက်ထက်တွင် စတင်ပေါ်ပေါက်ခဲ့သည်ဟု ခန့်မှန်းကြသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တိုင်ကျင်းပခဲ့ရာ ကိုလိုနီခေတ်ဦးတွင် ကွယ်ပျောက်ခဲ့ကြောင်း သိရှိရသည်။

## ရှင်တစ်ထောင်အခါတော်နေ့

ပြာသိုလတွင် ဗုဒ္ဓဘာသာတို့အနေဖြင့် ရှင်တစ်ထောင်အခါတော်နေ့ကို ကျင်းပကြသည်။ ထိုနေ့ပေါ်ပေါက်လာပုံမှာ ဂေါတမဗုဒ္ဓဘုရားသက်တော်ထင်ရှားရှိစဉ်အခါက ရသေ့အပါး ၁၀၀၀ တို့သည် ဗုဒ္ဓဘာသာဝင်မဟုတ်ကြဘဲ မီးလှူရေငုပ်ခြင်းအကျင့်ကို ကျင့်ကြကုန်၏။ ထိုအကျင့်များကို ကျင့်ကြံပါက ကိလေသာခေါင်းပါးလိမ့်မည်ဟု ယုံကြည်လက်ခံထားကြသည်။ ဘုရားရှင်သည် ရသေ့များနှင့်တွေ့ဆုံရန် ဥရုဝေလတောသို့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကြွချီခဲ့သည်။ ထိုအချိန်တွင် ဥရုဝေလတော၌ အစ်ကိုကြီးဝေလကဿပခေါင်းဆောင်သော ရသေ့ ၅၀၀၊ အစ်ကိုလတ် နဒီကဿပ ခေါင်းဆောင်သည့် ရသေ့ ၃၀၀ နှင့် ညီငယ် ဂယာကဿပ ခေါင်းဆောင်သော ရသေ့ ၂၀၀ စုစုပေါင်းရသေ့အပါး ၁၀၀၀ တို့သည် သုံးနေရာခွဲကာနေထိုင်ကြ၏။ ဘုရားရှင်က ဝေလကဿပရသေ့ကြီးထံ သီတင်းသုံးခွင့်နေရာတောင်းသောအခါ နဂါးကြီးရှိသည့်နေရာကို ပေးလိုက်သည်။ ဘုရားရှင်သည် နဂါးကြီးလက်ချက်ဖြင့် အသက်ဆုံးလိမ့်မည်ဟု ရသေ့တို့ကထင်မှတ်ထားကြ၏။ သို့သော် ဘုရားရှင်က နဂါးကြီးအားတန်ခိုးပြသနေသည်ကို မြင်တွေ့သောအခါ ရသေ့တို့သည် ဘုရားရှင်ကို အထင်ကြီးလေးစားကြသည်။ ရသေ့တို့သည် ပြာသိုလတွင် နေရဉ္စရာမြစ်အတွင်းသို့ သက်ဆင်းရေငုပ်ကြရာ ချမ်းအေးမှုကိုခံစားကြရသည်။ ထိုအခါ ဘုရားရှင်က ရသေ့များအတွက် မီးအိုးကင်း ၅၀၀ ကို တန်ခိုးတော်ဖြင့်ဖန်ဆင်းကာ မီးလှူစေ၏။ ထို့ပြင် ရသေ့များမခွဲနိုင်သော ထင်းအတုံး ၅၀၀ ကို တစ်ပြိုင်နက်တည်းကွဲစေခြင်း၊ ရသေ့များမွှေး၍မရသောထင်းမီးကို တစ်ပြိုင်နက်တည်း တောက်လောင်စေခြင်း၊ ငြိမ်း၍မရသော မီးဖို ၅၀၀ ကို တစ်ပြိုင်နက်တည်း ငြိမ်းပြခြင်းစသည့် တန်ခိုးတော်များ ပြသတော်မူသည်။ ရသေ့များသည် တရားအမြင်မှန်ရရှိသွားကာ ရဟန်းဝတ်ခွင့်တောင်းခံကြ၏။ ဘုရားရှင်က သုံးဖွဲ့ခွဲ၍ သာသနာ့ဘောင်သို့ ဝင်ရောက်စေရာ ရသေ့အားလုံးမှာ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ရှိကြကုန်သည်။ ဘုရားရှင်က ဂယာသီကျောက်ဖြာထက်တွင် အာဒိတ္တပရိယာယသုတ္တန်ကို ဟောကြားတော်မူရာ ရဟန်းအားလုံးမှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြ၏။ “ရသေ့ညီနောင် ရှင်တစ်ထောင်”ဟုခေါ်ဆိုကြသည်။ ထိုနေ့သည်ကား ပြာသိုလပြည့်နေ့ဖြစ်သည်။ ရသေ့အပါး ၁၀၀၀ သည် ဗုဒ္ဓဘာသာဝင်များဖြစ်သွားသည်ကို အကြောင်းပြုကာ ပြာသိုလပြည့်နေ့ကို “ရှင်တစ်ထောင်အခါတော်နေ့”ဟု သတ်မှတ်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်များသည် ရှင်တစ်ထောင်အခါတော်နေ့တွင် ဗုဒ္ဓဘုရားရှင်ကို ရည်မှန်းကာ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ရေတော်တစ်ထောင်၊ ဆွမ်းတစ်ထောင်၊ သစ်သီးတစ်ထောင် စသည်ဖြင့် ကပ်လှူကြသည်။

## ကထာစဉ်ခုနစ်ပါးတရားဟောကြား

ပြာသိုလတွင် မြတ်စွာဘုရားရှင်သည် ကထာစဉ်ခုနစ်ပါးတရား ဟောကြားတော်မူခဲ့သည်။ ဟောကြားရခြင်းအကြောင်းမှာ ဘုရားဖြစ်လျှင် ပထမဦးဆုံးကြွပါမည်ဟု ဗိမ္ဗိသာရမင်းကြီးအပေါ် ကတိစကားရှိခဲ့၏။ ထို့ကြောင့် ပြာသိုလတွင် ရဟန္တာအပါး တစ်ထောင်နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကာ ကထာစဉ်ခုနစ်ပါးတရား ဟောတော်မူခဲ့သည်။ ၎င်းတရားခုနစ်ပါးမှာ ဒါနကထာ (ဒါနနှင့်စပ်သောစကား)၊ သီလကထာ (သီလနှင့်စပ်သောစကား)၊ သဂ္ဂကထာ(နတ်ပြည်ရောက်ကြောင်းနှင့်စပ်သောစကား)၊ ကာမာနံအာဒီနဝံ(ကာမဂုဏ်အပြစ်နှင့် စပ်သောစကား)၊ ကာမာနံကာရံ(ကာမဂုဏ်၏ယုတ်ညံ့ပုံနှင့်စပ်သောစကား)၊ ကာမာနံသံကိလေသံ (ကာမဂုဏ်၏ ညစ်ညမ်းပုံနှင့်စပ်သောစကား)နှင့် နေက္ခမ္မေအာနိသံသံ (ကာမမှထွက်မြောက်၍ အကျိုးအာနိသင်နှင့်စပ်သောစကား)တို့ ဖြစ်ကြသည်။ ဒေသနာတော်အဆုံးတွင် တစ်သောင်းသောပရိသတ်သည် ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူကြပြီး တစ်သိန်းနှစ်သောင်းမှာ သောတာပန်အရိယာများဖြစ်ကြကုန်သည်။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအား ဝေဠုဝန်ဥယျာဉ်ကို ကျောင်းတော်အဖြစ် လှူဒါန်းလိုက်သည်။ “ကျောင်းတော်အစ ဝေဠုဝန်က”ဟူ၍ သာသနာ့သမိုင်းဝင်ဖြစ်ခဲ့ပေသည်။

## အမေများနေ့

ပြာသိုလတွင် ရှေးအစဉ်အလာမဟုတ်ဘဲ ခေတ်သစ်ကာလတွင် သတ်မှတ်ထားသော လူမှုရေးရက်မြတ်တစ်ရက်မှာ “အမေများနေ့”ဖြစ်သည်။ မြန်မာစာပေနှင့် ရုပ်ရှင်ပညာရှင်ကြီး ဆရာကြီးအလင်္ကာကျော်စွာဦးသုခ၏ လမ်းညွှန်ဦးဆောင်မှုဖြင့် ပြာသိုလပြည့်နေ့ကို အမေများနေ့အဖြစ် သတ်မှတ်ကြသည်။ စာပေဟောပြောပွဲများ ကျင်းပကာ ကဗျာရွတ်ဆိုခြင်းနှင့် မိခင်တို့ကို ရှိခိုးကန်တော့ခြင်းများ ပြုလုပ်ကြသည်။ ဆရာကြီးဦးသုခက မိခင်၏ကျေးဇူးကြီးမားပုံကို “ထိုတစ်နေ့” အမည်ရ ဆောင်းပါးတစ်ပုဒ်ဖြင့် ရေးသားချီးဆော်ခဲ့သည်။ ၁၃၅၈ ခုနှစ် ပြာသိုလပြည့်နေ့တွင် မန္တလေးမြို့၌ ပထမဦးဆုံးကျင်းပခဲ့ရာ တစ်စတစ်စ လူသိများလာကြကာ မြန်မာနိုင်ငံအနှံ့အပြားတွင် ကျင်းပလာကြသည်။ ပြာသိုလ၏ ထူးခြားမွန်မြတ်မှုတစ်ခုဖြစ်သည်။ ပြာသိုလပြည့်နေ့ရောက်တိုင်း မိခင်များ၏ နွေးထွေးသော မေတ္တာဓာတ်နှင့် ကြင်နာမှုတို့ကို အောက်မေ့တမ်းတကြသည်။

ပြာသိုလ၏ရာသီဥတုအခြေအနေမှာ အေးမြကာ ဆီးနှင်းများ တဖြောက်ဖြောက်ကျနေသည်။ ထို့ကြောင့် “ပြာသိုအတွင်း၊ ဆီးနှင်းရောယှက်၊ နှမ်းထောင်ပျက်”ဟူ၍ မုံရွေးဆရာတော်ကြီးက တစ်ဆယ့်နှစ်လမိုးဘွဲ့တွင် စပ်ဆိုခဲ့သည်။ တောင်သူဦးကြီးတို့စုပုံထားသောနှမ်းပုံများမှာ အအေးဓာတ်လွန်ကဲခြင်းကြောင့် အငွေ့တထောင်းထောင်းထကာ အောက်သိုးပျက်စီးတတ်သည်။ ပြာသိုလတွင် အာကာပြင်တစ်ခုလုံး နှင်းမှုန်နှင်းဆိုင်များရောယှက်ကာ ဆောင်းဥတု၏အနှစ်သာရကို အပြည့်အဝခံစားရသည်။ “ပြာသိုလမိုက်၊ ကဏန်းတိုက်”ဟု အဆိုရှိခဲ့ရာ လဆုတ်လကွယ်ရက်များတွင် ကဏန်းအထွက်များသဖြင့် ကဏန်းရှာသူတို့မှာအရများကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြာသိုလတွင်တိုင်းပြည်ကာကွယ်ရေး၌ အထောက်အကူပြုသော မြင်းခင်းသဘင်ကိုကျင်းပကြသည်။ ဗုဒ္ဓဘာသာဝင်များအတွက် ရှင်တစ်ထောင်အခါတော်နေ့ကျရောက်ကာ ပထမဦးဆုံးဖြစ်သော ဝေဠုဝန်ကျောင်းတော်ပေါ်ပေါက်ခဲ့သည်။ မိခင်၏မေတ္တာဓာတ်ကိုဖော်ကျူးသည့် အမေများနေ့ကိုလည်း သတ်မှတ်ထားသည်။ ရာသီဥတုမှာလည်း သာယာအေးမြလျက်ရှိသည်။ ထို့ကြောင့် “ဘက်စုံသာစွ ပြာသိုလ” ဟု တင်စားလိုက်ရပါသည်။

**ကျမ်းကိုး။** ။ **တိပိဋကရေဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည့် နိုင်ငံတော်ဗုဒ္ဓသာသန၊ မဟာဗုဒ္ဓဝင် စတုတ္ထတွဲ။**

**ပြာသိုလ၏ရာသီဥတုမှာ ပွင့်လင်းသာယာလျက်ရှိသည်။ ထို့ကြောင့် ရှေးပဒေသရာဇ်ခေတ်တွင် မြင်းခင်းသဘင်ဟုခေါ်ဆိုသော သူရဲကောင်းရွေးချယ်ပွဲကို ကျင်းပခဲ့သည်။ ပြာသိုလဆန်းတစ်ရက်နေ့မှ သုံးရက်နေ့အထိ ကျင်းပကြသည်။ မြင်းခင်းသဘင်ပွဲကျင်းပပုံမှာ မင်းညီမင်းသားတို့သည် မိမိတို့ရရှိထားသော အဆောင်အယောင် အဆင်တန်ဆာများဝတ်ဆင်ကာ ဆင်ရေး၊ မြင်းရေး၊ လှံရေး၊ ဓားရေး၊ အခုန်အပြေးစသည့် အတတ်မျိုးစုံဖြင့် ယှဉ်ပြိုင်ကြသည်။ မြင်းခင်းသဘင်သည် စစ်သွေးစစ်မာန်တက်ကြွစေပြီး နိုင်ငံတော်ကာကွယ်ရေးတွင် အထောက်အကူပြုသည်။ မြင်းခင်းသဘင်ကို သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က ပင်းယတစ်စီးရှင် သီဟသူလက်ထက်တွင် စတင်ပေါ်ပေါက်ခဲ့**

# စစ်တွေမြို့ ရန်ပြေမာန်ပြေဘုရားကြီး ပူဇော်ကန်တော့ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၂**

စစ်တွေမြို့ ကမ္ဘာ့သာသနာပြုမဟာဓေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ရန်ပြေမာန်ပြေဘုရားကြီး ပူဇော်ကန်တော့ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ပြေမာန်ပြေဘုရားကြီးရင်ပြင်တော်၌ ကျင်းပရာ မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ကြီးနှင့် ပင့်ဖိတ်ထားသော သံဃာတော်အရှင်သူမြတ်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရန်ပြေမာန်ပြေဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက်အခမ်းအနားကိုကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များနှင့် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ရတနာသုံးပါးဂုဏ်တော်ကို ပူဇော်တီးခတ်ကြသည်။

ဆက်လက်၍ စစ်တွေမြို့ ကြွဖြူကျောင်းတိုက်



ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇေဝန္တ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ရန်ပြေမာန်ပြေဘုရားကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကမ္ဘာ့သာသနာပြု မဟာဓေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ကြီးအား ငွေပဒေသာပင်များ ကပ်လှူပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက စစ်တွေမြို့ ကြွဖြူကျောင်းတိုက် ပဓာနနာယကဆရာတော်၏ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ ရုပ်သိမ်းခဲ့သည်။

ယင်းနောက် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရခိုင်မင်္ဂလာစည်တော်အဖွဲ့က စည်တော်တီးခတ်ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားတွင် တီးခတ်ဖျော်ဖြေသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ရန်ပြေမာန်ပြေဘုရားကြီး ပူဇော်ကန်တော့ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲတွင် ကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များအား သက်သတ်လွတ်ဆွမ်းနှင့် ဘုရားပွဲတော်သို့ လာရောက်ဖူးမြော်ပူဇော်ကြသည့် ပရိသတ်များအား သက်သတ်လွတ်ရခိုင်မုန့်တီများကို စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားကြီး ဦးသျှောင်မကိုဋ်တော်အား ရွှေစင်၊ ရွှေသား၊ ရွှေပန်းခက် ထုဆစ်ခြင်း(ဗုဒ္ဓပူဇာ) မင်္ဂလာနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ နာဂဝီသ တောင်ရိုးတန်းတွင် တင့်တယ်သပ္ပါယ်စွာ ပွင့်ထွန်းတည်ထားကိုးကွယ်တော်မူသော မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီး၏ ဦးသျှောင်မကိုဋ်တော်အား ရွှေစင်၊ ရွှေသား၊ ရွှေပန်းခက် ထုဆစ်ခြင်း(ဗုဒ္ဓပူဇာ) မင်္ဂလာနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ဘုရားကြီးဝင်းအတွင်းရှိ သုခချမ်းသာကျောင်းဆောင်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်မြို့ ဗုဒ္ဓသာသန သိပ္ပံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဦးသုမနထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်ထံမှ မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားကြီးချုပ် ဦးညီညီစိုးနှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ် ကွမ်းသဲကျေးရွာ ကျိုက်ကွဲတောင်၊ ရှေးဟောင်းသမိုင်းဝင် ဘုန်းတော်ကြီးဦးသီလတောင်ပေါ်ဂူနှင့် ဘုန်းတော်ကြီးဦးသီလ ရဟန္တာသိမ်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများအား ရှေးဟောင်းသမိုင်းဝင် သာသနိကအဆောက်အအုံများ မူလပုံစံအတိုင်း ပျက်စီးဆုံးရှုံးမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်မှာကြားပြီး ဦးသီလတောင်ပေါ်ဂူကျောင်းဆရာတော် ဘဒ္ဒန္တပညာဓိကအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဆုံအရှေ့ပိုင်း ရပ်ကွက် ဘုရားကြီးကုန်းရပ်ရှိ ရဟန္တာသိမ်တော်ကြီး တောင်စွန်းကျေးရွာအုပ်စု မုနိုင်းကျေးရွာ ကလျာဏီ သိမ်တော်ကြီးတို့အား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုမှ တစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်စွန်းကျေးရွာ ရွှေဘုရားကျောင်း ဆရာတော် ဘဒ္ဒန္တခေမာအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

# မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားတွင် ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့နှစ်သစ်ကူး အခါသမယရက်မြတ်တွင် အန္တရာယ်ကင်း ပရိတ်ကြီး ၁၁ သုတ်၊ မဟာသမယသုတ် ခုနစ်သုတ်နှင့် ဥပ္ပါတသန္တိကျမ်းမြတ် ၁၁ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ အာရုံခံတန်ဆောင်း၌ ကျင်းပရာ မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ အောင်မြေသာစံမြို့နယ် အရှေ့ခင်မကန်တိုက် တိုက်အုပ် ပုဂံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇန အမှူးပြု၍ ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အရှေ့ခင်မကန်တိုက် ပုဂံကျောင်းဆရာတော်ထံမှ ငါးပါးသီလကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာသူများက ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်ဒေသနာတော်မြတ်တို့ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ အရှေ့ခင်မကန်တိုက် ပုဂံကျောင်းဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရားဝတ်အသင်းမှ တရားနာပင့်ဖိတ်ထားသော နတ်၊ ဗြဟ္မာများအား ပြန်လည်ပို့သပြီး ဇယန္တောဗောဓိယာမူလေ အစရှိသော အောင်ဂါထာတော် သုံးကြိမ်ရွတ်ဆိုဆုတောင်းခဲ့ကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။ ထို့နောက် အရှေ့ခင်မကန်တိုက် ပုဂံကျောင်း ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၉-၁၂-၂၀၂၄)ရက်နေ့မှအဆက်

ဝိသာခါသူဌေးမကြီးသည် သူ၏သားသမီးများကလည်း ကျန်းမာရေးကောင်း၏။ အသက်ရှည်သည်။ ထို့ကြောင့် ၎င်းအား အလွန်မင်္ဂလာရှိသော အမျိုးသမီးကြီးသူဌေးကတော်ဟု လူတိုင်းက အသိအမှတ်ပြုကြလေသည်။ သာဝတ္ထိပြည်သူပြည်သားများကလည်း အလှူလှူဒါန်းတိုင်း ဝိသာခါသူဌေးမကြီးကို အမြဲဖိတ်ကြားသည်။ တစ်နေ့သ၌ ပွဲလမ်းသဘင်တစ်ခုတွင် ဖိတ်ကြားသည့်အရပ်၌ ဧည့်ခံကျွေးမွေးသည်ကို စားသောက်ပြီးနောက် မဟာလတာတန်ဆာကြီးကို ဆင်ယင်လျက် လူအပေါင်းနှင့် ကျောင်းတော်သို့ ဝိသာခါသူဌေးကတော်ကြီး သွားလေသည်။ သူသည် ကျောင်းတော်သို့ရောက်သောအခါ သူ၏ မဟာလတာတန်ဆာကို အပေါ်ရုံဖြင့်ထုပ်လျက် သူ၏ကျွန်မအား ဤအထုပ်ကိုယူခဲ့ဟု ပေးထားလေသည်။ သူသည် သူ့ယောက္ခမပေးထားသော ပေ့ါပါးသည့် "ဃနမဋ္ဌ" တန်ဆာကိုဝတ်လျက် ဘုရားရှင်ထံသို့သွား၍တရားနာလေသည်။ တရားနာပြီးသောအခါ သူသည် ဘုရားရှင်အားဦးချပြီး ထ၍ပြန်လာခဲ့သည်။

သူ၏ကျွန်မသည် သူအပ်ထားသော "မဟာလတာတန်ဆာ"ထုပ်ကိုမေ့၍ ကျောင်းတော်၌ထားခဲ့သည်။ ဤသို့တရားနာ၍ တရားနာပုဂ္ဂိုလ်တို့၏ မေ့ကျန်ခဲ့သည့် ပစ္စည်းများကို အရှင်အာနန္ဒာက သိမ်းဆည်းထားလေ့ရှိသည်။

ထို့ကြောင့် အရှင်အာနန္ဒာက ဝိသာခါ၏ မေ့ကျန်ခဲ့သော "မဟာလတာတန်ဆာ"ကို ကောက်၍ စောင်းတန်းတစ်ဖက်တွင် ချိတ်ဆွဲသိမ်းထားလေသည်။ ဝိသာခါသည် ကျောင်းမှထွက်လာပြီး ကျောင်းကိုလှည့်ပတ်လျက် သာမဏေ၊ ရဟန်းတို့ကို ကြည့်ရှုကာ ပြုစုလုပ်ကျွေးလျက်ရှိသည်။ ကျောင်းဥပစာ၌ရပ်လျက် သူ၏ကျွန်မအား အပ်ထားသော မဟာလတာတန်ဆာကို ငါ့ကိုပေးလော့ဟု တောင်းသည်။ ထိုအခါ၌ ကျွန်မသည် ယင်းပစ္စည်းမှာ ကျောင်းတွင် မေ့ကျန်ခဲ့ကြောင်းပြောသည်။ ထိုအခါ ကျွန်မအား "ယခုသွားယူလော့၊ ဒါပေမဲ့ ဤပစ္စည်းကို ရှင်အာနန္ဒာက မ,ချီ ထိန်းသိမ်းထားလျှင် မယူလင့်။ အရှင်မြတ်အားသာ ထိုတန်ဆာကို စွန့်လှူပြီးဖြစ်၏" ဟု ဆိုလေသည်။

ကျွန်မသည် ဝိသာခါဆိုသည့်အတိုင်း လုပ်၍ ပြန်လာခဲ့သည်။ ဝိသာခါသည် ကျွန်မထံမှအကြောင်း စုံသိရသောအခါ ဤတန်ဆာကိုရောင်းပြီး လှူဒါန်းအံ့။ သွားပြန်ယူလော့ဟု သူ့ကျွန်မကို ခိုင်းသည်။ ကျွန်မလည်း တန်ဆာကိုသွားယူပြီး ဝိသာခါအား အပ်လေသည်။

ဝိသာခါသည် ဤတန်ဆာကို မဝတ်ဆင်တော့ဘဲ ကိုးကဋေ့တန်သည့် ဤပစ္စည်းကို လှည့်လည်ရောင်းချစေသည်။ ဝယ်နိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိ၍ သူကိုယ်တိုင် တန်ဖိုးဖြတ်ဝယ်သည်။ ထို့နောက် ဘုရားရှင်ထံသို့သွား၍ ထိုပစ္စည်းအားလုံးကို ဘယ်သို့လှူဒါန်းရပါမလဲဟု မေးလျှောက်လေသည်။



ဘုရားရှင်က "ဝိသာခါ မြို့တံခါးဝ၌ သံဃာအပေါင်းနေထိုင်ရန် ကျောင်းကို ဆောက်သင့်၏" ဟု မိန့်တော်မူလေသည်။

ဝိသာခါသည် ကျောင်းဆောက်လုပ်ရန် မြေကို ကိုးကုဋေဖြင့်ဝယ်သည်။ တန်ခိုးရှင် အရှင်မောဂ္ဂလ္လာန်၏ အကူအညီဖြင့် ကြီးကျယ်လှသည့် ပြာသာဒ်၊ ကျောင်းတော်ကြီးကို ဆောက်လုပ်စေသည်။ ဤမြေနေရာအပြည့် ကျောင်းပေါင်းများစွာ ဆောက်လုပ်သည်။ ဆောက်လုပ်ပြီးသွားသော ကျောင်းများကို "ပုဗ္ဗာရုံကျောင်းတိုက်"ဟု အမည်ပေးလေသည်။

ဘုရားရှင်သည် ဤပုဗ္ဗာရုံကျောင်းဆောက်လုပ်သည့်နေ့မှစ၍ ဘဒ္ဒိယမြို့ စသည်တို့သို့ ဒေသစာရီကြွချီတော်မူသည်။ ကျောင်းဆောက်လုပ်ရာတွင် ကိုးလကြာ၌ပြီးသည်။ ယင်းကျောင်းဆောက်လုပ်ပြီးမှ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ပြန်ရောက်လေသည်။ ဝိသာခါကျောင်းအစ်မကြီးသည် ဘုရားရှင်ထံသို့သွား၍ ဤမိုးလေးလပတ်လုံး ရဟန်းတို့ကိုခေါ်တော်မူ၍ ဤပုဗ္ဗာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူပါ။ ထိုကျောင်းရေစက်ချပွဲကြီးကို ကျင်းပမည်ဖြစ်ကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း လက်ခံတော်မူလိုက်သည်နှင့်တစ်ပြိုင်နက် မိုးလေးလပတ်လုံး အလှူကြီးပေးလှူလေသည်။

နောက်ဆုံး၌ လေးလပြည့်သည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားရှင်နှင့် ရဟန်းအပေါင်းတို့အား တစ်ထည်လျှင် တစ်ထောင်တန်သည့် သင်္ကန်းတို့ကို လှူဒါန်းသည်။ ရဟန်းအားလုံးတို့အား သပိတ်အပြည့် စတုမဓုဆေးများကို လှူဒါန်းလေသည်။

ဝိသာခါသည် ရေစက်ချပွဲပြီးသည့်နောက် ညချမ်းအချိန်တွင် သူ့သားသမီးမြေးမြစ်များ ခြံရံလျက် ငါသည် ရှေးကတောင့်တခဲ့သော အလှူကြီးကို ယခုလှူဒါန်းရလေပြီ။ သူလှူထားသည့် ကျောင်းပြာသာဒ်များကို လှည့်ပတ်ကြည့်ရှုပြီး ဝမ်းမြောက်လှသောကြောင့် ငါးဂါထာဖြင့် အသံသာယာစွာ ဥဒါန်းကျူးရင့်လေသည်။

ကျောင်းအစ်မကြီး ဝိသာခါအိမ်၌ နံနက်အခါတွင် ရဟန်းသံဃာများ ဝင်ထွက်သွားလာနေသောကြောင့် သင်္ကန်းရောင်တို့ဖြင့် ဝင်းထိန်တောက်ပနေသည်။ အနာထပိဏ်သူဌေးကြီးအိမ်ကဲ့သို့ ဝိသာခါအိမ်မှာလည်း အာဂန္တုဆွမ်း၊ ခရီးသွားဆွမ်း အစရှိသည်တို့ ဆွမ်းမျိုးစုံအသင့်စီမံချက်ပြုတ်ထားရှိလေသည်။ ဝိသာခါသည် နံနက်ခါ၌ ဆွမ်းများကို ဆက်ကပ်လှူဒါန်းပြီးနောက် နေလွဲသောအခါတွင် ထောပတ်၊ ဆီဦး၊ ပျား၊ ဆီ၊ တင်လဲဟူသော ဆေးပစ္စည်းများကိုလည်းကောင်း၊ ရှစ်ပါးသော အဖျော်ယမကာများကိုလည်းကောင်း လှူဒါန်းစေခဲ့သည်။ ထို့နောက် ဘုရားကျောင်းတော်သို့သွား၍ သံဃာတော်များအား လိုအပ်သလို ဆက်ကပ်လှူဒါန်းလေသည်။

ထို့နောက် ဘုရားရှင်၏ တရားကိုနာကြားပြီးမှ အိမ်သို့ပြန်သည်။ ထို့ကြောင့် ဘုရားရှင်သည် "နောင်သောအခါ၌ ဥပါသိကာမများအား တေဒဂ်ရာထူးများ ပေးရာတွင် ရဟန်းတို့ လှူဒါန်း ခြင်း၌ မွေ့လျော်သော ငါဘုရား၏ ဥပါသိကာမများတွင် ဝိသာခါသည် အတော်ဆုံး ဖြစ်လေ၏"ဟူ၍ ဝိသာခါအား "ဒါယိကာ တေဒဂ်" အရာ၌ ထားတော်မူလေသည်။

### ကောသလမင်းကြီးသည် ထာဝရအလှူကိုမြင်၍ အားကျခြင်း

ရဟန်းငါးရာစီသည် နိဗဒ္ဓ (ထာဝရ) ဆွမ်းအလှူအတွက် အနာထပိဏ်သူဌေး၊ စူဠအနာထပိဏ်သူဌေး၊ ဝိသာခါကျောင်းအစ်မ၊ သုပ္ပဝါသာသူဌေးကတော်တို့၏ အိမ်အသီးသီးသို့ ကြွနေလေသည်။ ကောသလမင်းကြီးသည် ရွှေနန်းတော်ပြာသာဒ်တွင်ရပ်လျက် မြို့တွင်းသို့ကြည့်သော် ဤသို့ရဟန်းသံဃာနှစ်ထောင်မျှတို့ ဆွမ်းခံကြွသည်ကို မြင်လေသည်။ အကြောင်းခြင်းရာကို မေးမြန်းသောအခါ သိ၍ ဘုရားရှင်ကျောင်းသို့သွားပြီး မင်းကြီးသည် ဘုရားရှင်နှင့်တကွသော သံဃာတစ်ထောင်ကို ခုနစ်ရက်တိုင်တိုင် ဆွမ်းပင့်ဖိတ်၍ သူကိုယ်တိုင် ကိုယ်ထိလက်ရောက်ဆွမ်းကပ်တော်မူသည်။

ဤသို့ဆွမ်းကပ်၍ ခုနစ်ရက်တိုင် ပြီးသွားသောအခါ ဆက်၍ ဘုရားရှင်အား "မြတ်စွာဘုရား ရဟန်းငါးရာနှင့်တကွ နေ့စဉ် နန်းတော်သို့ကြွရောက်ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု လျှောက်ထားလေသည်။ ဤသို့ မင်းကြီးက လျှောက်ထားသည့်အခါ ဘုရားရှင်က "မင်းကြီး ဘုရားရှင်တို့မည်သည် တစ်နေရာတည်း၌ အမြဲမပြတ်ဆွမ်းခံခြင်းမရှိကြကုန်။ လူအပေါင်းတို့သည် ဘုရားရှင်၏ ကြွရောက်လာခြင်းကို အလိုရှိကုန်၏"ဟု မိန့်တော်မူသည်။

မင်းကြီးသည် ဘုရားရှင်မိန့်တော်သည်ကို ကြားသိရသောအခါ "မြတ်စွာဘုရား ရဟန်းငါးရာနှင့်တကွ နိဗဒ္ဓရဟန်းတစ်ပါးကိုမူ စေလွှတ်တော်မူပါ" ဟု လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း အရှင်အာနန္ဒာကိုကြွစေသည်။ ဤသို့ဖြင့် အရှင်အာနန္ဒာနှင့်ရဟန်းငါးရာတို့သည်မင်းကြီး၏နန်းတော်သို့ နေ့စဉ် ဆွမ်းခံကြသည်။ ခရီးဦးကြိုပြုခြင်း၊ သပိတ်များကမ်းယူခြင်း၊ ဆွမ်းကျွေးကိစ္စတို့ကို မင်းကြီးသည် မည်သူ့ကိုမျှတာဝန်မပေးဘဲ ဆောင်ရွက်လုပ်ကိုင်နေသည်မှာ ခုနစ်ရက်သောအခါ မင်းကြီးသည် ပင်ပန်းသွားသည်။ ထို့ကြောင့် မင်းကြီးသည် သတိမေ့၍ နန်းတွင်းသူ နန်းတွင်းသားမည်သူ့ကိုမျှ ဤရဟန်းကိစ္စကို တာဝန်မပေးဘဲနေသည်။ ဤသို့ မင်းချင်းတို့ကလည်း တာဝန်မပေးလျှင် မဆောင်ရွက်ဝံ့ကြပါ။ ထို့ကြောင့် ကြွလာသော ရဟန်းသံဃာများသည် တစ်စတစ်စနှင့် နည်းလာလေသည်။ သုံးရက်မြောက်သောနေ့တွင် အရှင်အာနန္ဒာတစ်ပါးတည်းသာ ကြွလာသည်။ ဤအဖြစ်ကို မင်းကြီးသိလာသောအခါ ဘုရားရှင်ထံသို့သွား၍ ရဟန်းတို့ မကြွလာကြောင်း လျှောက်ထားလေသည်။

ဘုရားရှင်က "မင်းကြီး ရဟန်းတို့သည် အသင်မင်းကြီးနှင့် အကျွမ်းဝင်ခြင်းမရှိသဖြင့် မကြွခြင်းဖြစ်မည်။ ရှေးအခါက ပညာရှိတို့သည် အကျွမ်းဝင်သူများရှိရာသို့သွားလာကြကုန်၏" ဟု မိန့်တော်မူပြီး "ကေသဝဇာတ်"ကို ဟောကြားတော်မူသည်။

ထိုအခါ မင်းကြီးသည် ဤသို့အကြံဖြစ်လေသည်။ "ငါသည် ဘုရားရှင်၏ အမျိုးနွယ် သတို့သမီးကို ခေါ်ဆောင်ထားမှ ရဟန်းများနှင့် အကျွမ်းတဝင်ရင်းနှီးပြီး ရဟန်းသံဃာ၊ သာမဏေတို့ အမြဲမပြတ်လာပေမည်"ဟု အကြံဖြစ်လေသည်။ ထို့ကြောင့် မင်းကြီးသည် ကပိလဝတ်ပြည် သာကီနွယ်ဝင်မင်းများထံသို့ တမန်တော်များစေလွှတ်ပြီး "ငါ့ထံသို့ သာကီဝင်မင်းသမီးတစ်ယောက်ကို ဆက်ကြပါလော့" ဟု သဝဏ်လွှာပို့လေသည်။

ထိုအခါ သာကီဝင်မင်းတို့သည် စုဝေးကြပြီး တိုင်ပင်ကြသည်။ "ငါတို့ မပို့ကြလျှင် ငါတို့မျိုးရိုးကို ဖျက်ဆီးလိမ့်မည်။ ငါတို့အမျိုးသည် တခြားမျိုးနွယ်များနှင့် ဆက်ဆံရန်မဖြစ်နိုင်၊ ဘယ်သို့လုပ်ကြမည်နည်း" ဟု ကြံတွေး၍ အကျပ်ရိုက်နေကြသည်။ ထိုအခါ "မဟာနာမ" မည်သော သာကီနွယ်မင်းက ငါ့ကိုအစွဲပြု၍ "နာဂမုဏ္ဍာ" မည်သောကျွန်မက မွေးဖွားသည့် လှပတင့်တယ်သော "ဝါသဘခတ္တိယာ"မင်းသမီးတစ်ပါးရှိသည်။ ယင်းကျွန်မသမီးကို ပို့လျှင် ကောင်းမည်ဟု ပြောလာသည်။ သာကီဝင်မျိုးစုက သဘောတူကြသည်။ ထို့ကြောင့် မင်းကြီးထံသို့ သမီးရတနာဆက်သမည်ဖြစ်ကြောင်း အကြောင်းပြန်လေသည်။

မင်းကြီးသည် အကြောင်းကြားသည်ကို သိသောအခါ "ဖခင်မင်းကြီးနှင့်အတူ တစ်စားပွဲတည်း၌ ထမင်းစားသည်ကိုမြင်လျှင် ခေါ်လာလော့"ဟု သူ၏တမန်ကို မိန့်ကြားသည်။ မဟာနာမမင်းကြီးသည် မိမိထမင်းစားသောအခါ ထိုမင်းသမီးခေါ်၍ ထမင်းအတူစားဟန်ပြသော် တမန်ကမြင်ရ၍ "ဝါသဘခတ္တိယာ" ကို ခေါ်လာသည်။ ကောသလမင်းကြီးသည် ထိုမင်းသမီးအား မိဖုရားမြှောက်လေသည်။ များမကြာမီ ရွှေအဆင်းနှင့်တူသော သားတစ်ပါးရရှိလေသည်။ မင်းကြီးသည် မွေးဖွားလာသောသားကို အမည်ပေးရန် သံတမန်ကို "မဟာနာမ" မင်းကြီးထံသို့ စေလွှတ်လိုက်သည်။

(ဆက်လက်ဖော်ပြပါမည်)

"ကျောင်းအစ်မကြီး ဝိသာခါအိမ်၌ နံနက်အခါတွင် ရဟန်းသံဃာများ ဝင်ထွက်သွားလာနေသောကြောင့် သင်္ကန်းရောင်တို့ဖြင့် ဝင်းထိန်တောက်ပနေသည်။ အနာထပိဏ်သူဌေးကြီးအိမ်ကဲ့သို့ ဝိသာခါအိမ်မှာလည်း အာဂန္တုဆွမ်း၊ ခရီးသွားဆွမ်း အစရှိသည်တို့ ဆွမ်းမျိုးစုံ အသင့်စီမံချက်ပြုတ်ထားရှိလေသည်။ ဝိသာခါသည် နံနက်ခါ၌ ဆွမ်းများကို ဆက်ကပ်လှူဒါန်းပြီးနောက် နေလွဲသောအခါတွင် ထောပတ်၊ ဆီဦး၊ ပျား၊ ဆီ၊ တင်လဲ ဟူသော ဆေးပစ္စည်းများကိုလည်းကောင်း၊ ရှစ်ပါးသော အဖျော်ယမကာများကိုလည်းကောင်း လှူဒါန်းစေခဲ့"

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြိုင်ပွဲဝင်ဘင်ခရာအဖွဲ့များမှ ကျောင်းသား ကျောင်းသူများကို လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့၏ ပြိုင်ပွဲတွင်သတ်မှတ်ထားသည့် သရုပ်ဖော်ပြကွက်များဖြင့် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

**အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်**

အဆိုပါဘင်ခရာပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ဝတ်စားဆင်ယင်မှု၊ တူရိယာပစ္စည်းများသန့်ရှင်းသပ်ရပ်မှု၊ ကိုင်ဆောင်မှုမှန်ကန်ခြင်း၊ သရုပ်ဖော်ပြကွက်များ၊ ဆန်းသစ်တီထွင်မှုသရုပ်ဖော်ပြကွက်များ၊ ပြိုင်ပွဲဝင်ပြကွက်နှင့် သီချင်းကိုက်ညီမှု ရှိ/မရှိ၊ သတ်မှတ်ချိန်နှင့် ကိုက်ညီမှု ရှိ/မရှိ များအပေါ် အကဲဖြတ်ဒိုင်များက အမှတ်ပေးဆုံးဖြတ်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲတွင် ပထမဆုမှ ပဥ္စမဆုအထိ ဆုချီးမြှင့်၍ ကျန်အဖွဲ့များကို အထူးဆု၊ ကျိုင်းဆုများကို ပထမမှ ပဥ္စမဆုအထိ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ပေကျင်းမြို့ရှိ အမျိုးသားတိကျစွာတိုင်းတာခြင်းသိပ္ပံတွင် ညွှန်ကြားရေးမှူးချုပ် Dr. LI Wentao နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၂

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ပေကျင်းမြို့ရှိ အမျိုးသားတိကျစွာတိုင်းတာခြင်းသိပ္ပံ(တရုတ်)ရုံးချုပ်သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် Dr. LI Wentao၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. QU Jifeng နှင့် ဦးစီးဌာနခုနစ်ခုမှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အစည်းအဝေးကို ကျင်းပရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် Dr. LI Wentao တို့သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန(DRI) နှင့် အမျိုးသားတိကျစွာတိုင်းတာခြင်းသိပ္ပံ(တရုတ်) တို့အကြား ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ DRI ရှိ အမျိုးသားတိကျစွာတိုင်းတာခြင်းသိပ္ပံ (မြန်မာ)၏ ဓာတ်ခွဲခန်း ခုနစ်ခုတို့တွင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့သည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့်ဖြစ်သော ယခုနှစ်တွင် စိန်ရတုမှတ်တိုင်အဖြစ် တရုတ်-မြန်မာ အမျိုးသားတိကျစွာ တိုင်းတာခြင်းသိပ္ပံတို့အကြား စီမံကိန်းသစ်များကို အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်များကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။




ဆက်လက်၍ ယင်းသိပ္ပံရှိ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသော အမျိုးသားအဆင့် သုတေသနလုပ်ငန်းများနှင့် ရလဒ်များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်မှုများ၊ ကာဗွန်လျှော့ချရေးအတွက် EV ဆိုင်ရာ တိကျစွာတိုင်းတာခြင်း၊ ဇီဝနည်းပညာ သုတေသနများတွင် တိကျစွာတိုင်းတာခြင်း၊ ကွမ်တမ်နည်းပညာဖြင့် တိကျစွာတိုင်းတာခြင်း၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုဖြင့် ဆောင်ရွက်မှုများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများကို ရှင်းလင်းပြောကြားကြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါသိပ္ပံ၏ Changping Campus သို့ ရောက်ရှိကြရာ ဆေးပညာဆိုင်ရာ တိကျစွာတိုင်းတာခြင်းဌာနသို့ ရောက်ရှိလေ့လာကြပြီး ညွှန်ကြားရေးမှူးချုပ် Dr. LI Wentao နှင့် တာဝန်ရှိသူများက တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယင်း Campus ရှိ ဓာတ်ငွေ့စီးနှုန်းတိုင်းတာခြင်းဌာနရှိ သုတေသနဓာတ်ခွဲခန်းများတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုထားသော တိုင်းတာရေးပစ္စည်းများကို တပ်ဆင်ထားရှိမှုနှင့် ဆန်းစစ်တိုင်းတာမှုများ၊ နေရောင်ခြည်စွမ်းအင် တိုင်းတာခြင်းသုတေသနဌာနတွင် ဆိုလာမော်ကျူးများမှ ထွက်ရှိသော လျှပ်စစ်စွမ်းအားပမာဏများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ တိုင်းတာမှုများနှင့် သုတေသနဆိုလာဆဲလ်များမှသည် အာကာသစနစ်အတွက် အသုံးပြုသော ဆိုလာဆဲလ်များအထိ တိုင်းတာမှုများ၊ EMC (Semi-anechoic chamber) သုတေသနခန်းတွင် အခန်းပြင်ဆင်ထားရှိမှု အခြေအနေများနှင့် မော်တော်ယာဉ်သုတေသနဆိုင်ရာ ပစ္စည်းများကို တပ်ဆင်ထားရှိမှုများ၊ ဉာဏ်ရည်တုနည်းပညာ(AI) သုတေသနဌာနတွင် ဘွဲ့လွန်ကျောင်းသားများ၏ တုန်ခါမှုနှင့် ရွေ့လျားမှုများကြောင့် စက်ကိုယ်ထည်နှင့် စနစ်အပေါ်သက်ရောက်မှုဆိုင်ရာ သုတေသနပြုလေ့လာနေမှု အခြေအနေများကို လေ့လာကြည့်ရှုအားပေးကြပြီး ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါသိပ္ပံ၏ Hepingli Campus သို့ ရောက်ရှိကြပြီး လျှပ်စစ်ဌာနတွင် လျှပ်စစ်စံချိန်စံညွှန်းများ ချမှတ်မှုနှင့် EV အားသွင်းခြင်းဆိုင်ရာ တိုင်းတာခြင်းများ၊ အတိုင်းအတာ တိကျစွာတိုင်းတာခြင်းဌာန၌ သုတေသနပစ္စည်းများ တပ်ဆင်ထားရှိမှုများနှင့် သုတေသနလုပ်ငန်းများကို လှည့်လည်လေ့လာကြည့်ရှုကြပြီး ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းပျဉ်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မိုင်းပျဉ်း ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် နာယကဆရာမကြီး ဒေါ်ခင်ညိုညိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုင်းပျဉ်းမြို့နယ် ပညာရေးမှူး ဒေါ်နန်းဟွမ်နွမ်းက မိုင်းပျဉ်းမြို့ရှိ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ကျိုင်းတုံတက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခများက ဆွေးနွေးသင်ကြားပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး နာယက ဆရာမကြီး၊ ကျိုင်းတုံတက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခဆရာကြီး ဆရာမကြီးများ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ အထက်တန်းကျောင်းအုပ်များနှင့် အထက်တန်းပြ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား အပြီးတွင် မိုင်းပျဉ်းမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၄ ဦးအား ပါမောက္ခဌာနမှူး(သမိုင်းဌာန)မှ ဒေါက်တာနွယ်နွယ်အောင် ဦးဆောင်၍ ပါမောက္ခ ဆရာကြီး ဆရာမကြီးများက ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ဘာသာရပ်အလိုက် အလှည့်ကျ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

နန်းသန္တာဦး(ပြန်/ဆက်)

# ပခုက္ကူတက္ကသိုလ်၌ အဝေးသင်သင်တန်း(တတိယအကြိမ်) ဘွဲ့နှင်းသဘင်အခမ်းအနား ဆက်လက်ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၁၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၏ ၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်း(တတိယအကြိမ်)ဘွဲ့နှင်းသဘင်အခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ၂၀၂၄ ခုနှစ်ပညာသင်နှစ်တွင် ကျင်းပခဲ့သော အဝေးသင်သင်တန်းစာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဘွဲ့ရ မောင်မယ်ကျောင်းသား ကျောင်းသူ ၁၅၅ ဦးအား ဘွဲ့များအပ်နှင်းသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန်အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

**(ယခင်တစ်ပတ်က Question No. III ရဲ့ Not only … but also အထိ ဖော်ပြခဲ့ပါတယ်။)**

**Subordinating conjunctions in adverbial clauses**

1. They went out for a walk. It was cold. **(Rewrite the sentence, using appropriate "Subordinating conjunction".)**
2. I'll call you. I finish my homework. **(Rewrite the sentence, using appropriate "Subordinating conjunction".)**
3. No sooner had the bell rung than the students left the classroom. **(Rewrite the sentence, using "As soon as".)**
4. The meeting ended. They discussed the plan. **(Join the sentences, using "after".)**
5. You won't understand the lesson. You pay attention. **(Rewrite the sentence, using appropriate "Subordinating conjunction".)**
6. I need help. I have a problem with my computer. **(Rewrite the sentence, using appropriate "Subordinating conjunction".)**
7. The concert was amazing. People couldn't stop talking about it. **(Rewrite the sentence, using "so … that" or "such … that".)**
8. Take your phone. You need it later. **(Rewrite the sentence, using appropriate "Subordinating conjunction".)**
9. He will stay home. He feels sick. **(Rewrite the sentence, using appropriate "Subordinating conjunction".)**
10. She can't use her phone. She finishes her homework. **(Rewrite the sentence, using appropriate "Subordinating conjunction".)**

**No matter who, whose, what, which, where, when, how, whether, etc.**

**(A) Join the sentences, using "No matter …".**

1. He will join us for dinner. He doesn't care which restaurant we choose.
2. She is tired. She will keep working.
3. I trust you. You are my best friend.
4. She will succeed. People try to bring her down.
5. We will get there. It rains or snows.
6. They will stay at the hotel. They don't know where it is.
7. The decision is important. She will make it carefully.
8. He'll follow the rules. He doesn't know how they work.
9. I don't care about the situation. I will help you.
10. She's going to the party. She doesn't care about the weather.

**Linking words to show cause and effect**

1. He didn't get enough sleep. He felt tired all day. **(Rewrite the sentence using the linking word, 'as a result'.)**
2. The event was canceled. The organizer fell ill. **(Rewrite the sentence using the linking word, 'due to'.)**
3. He didn't follow the rules. He was punished. **(Rewrite the sentence using the linking word, ' as a consequence of '.)**
4. The traffic was heavy. We arrived late. **(Rewrite the sentence using the linking word, ' because '.)**
5. The company raised its prices. Sales decreased. **(Rewrite the sentence using the linking word, ' as a result of '.)**
6. The company cut costs. Profits increased. **(Rewrite the sentence using the linking word, 'consequently'.)**
7. The company lost money. There was a decline in sales. **(Rewrite the sentence using the linking word, ' because of'.)**

**Conditionals**

1. He didn't study for the test. He failed. **(Rewrite the sentence, beginning with "If".)**
2. She missed the bus. She was late for work. **(Rewrite the sentence, beginning with "If".)**
3. They forgot to bring the tickets. They couldn't enter the concert. **(Rewrite the sentence, beginning with "If".)**
4. He eats vegetables every day. He feels better. **(Use "the second conditional".)**
5. She takes the bus to work. She arrives early. **(Use "the second conditional".)**
6. I exercise regularly. I stay healthy. **(Use "the second conditional".)**
7. We didn't leave early. We missed the train. **(Use "the third conditional".)**
8. You touch a flame. It burns. **(Rewrite the sentence, beginning with "If".)**

**Verbs followed by a noun group and a bare infinitive / Verbs followed by a noun group and a to–infinitive**

1. They made him **(apologize / to apologize)** for his behavior.
2. We expected them **(arrive / to arrive)** on time.
3. He promised her **(finish / to finish)** the report.
4. He watched the birds **(fly / to fly)** across the sky.
5. She had the manager **(to call / call)** her back.
6. They reminded me **(send / to send)** the email.
7. We advised him **(to take / take)** the job offer.

**To / in order to / so as to / so that / in order that**

1. She wore a jacket. She wouldn't feel cold. **(Join the sentences, using "so that")**
2. She studied all night. She would be ready for the presentation. **(Join the sentences, using "in order to".)**
3. I spoke slowly. Everyone could understand. **(Join the sentences, using "so that")**
4. We arrived early. We would get good seats. **(Join the sentences, using "so as to".)**
5. They planned the event carefully. Everything would go smoothly. **(Join the sentences, using "in order that")**

**As if / As though**

**(A) Join the sentences, using "as if / as though".**

1. She speaks in a very quiet way. I think she is hiding something.
2. He talks loudly. He wants everyone to hear him.
3. The man is looking at his watch anxiously. It seems like he is waiting for someone.
4. He is sitting by the window. It seems like he's lost in thought.
5. The restaurant is full of people. It looks like it's a very popular place.
6. He behaves like he knows everything. He is always confident.
7. She is holding a paintbrush and looking at the canvas. It seems like she is about to paint a masterpiece.
8. The child is looking at the stars through the telescope. It seems like he's an astronaut.

**Introductory phrases**

1. He looked at the painting with admiration. **(Use "introductory phrase".)**
2. She entered the room quietly to avoid waking anyone. **(Use "introductory phrase".)**
3. The students followed the teacher's instructions listening attentively. **(Use "introductory phrase".)**
4. She closed the door gently, not wanting to disturb anyone. **(Use "introductory phrase".)**
5. She picked up the phone, hoping for good news. **(Use "introductory phrase".)**
6. She left the house early to catch the bus. **(Use "introductory phrase".)**
7. They walked through the park in the early morning. **(Use "introductory phrase".)**

**Omission of relative pronouns**

1. The place where they are going is beautiful. **(Omit the relative pronoun.)**
2. The boy who is wearing a red shirt is my brother. **(Omit the relative pronoun.)**
3. The song that she is singing is my favorite. **(Omit the relative pronoun.)**
4. The report which was submitted yesterday was detailed. **(Omit the relative pronoun.)**
5. The teacher who teaches math is very kind. **(Omit the relative pronoun.)**
6. The house which was built last year is beautiful. **(Omit the relative pronoun.)**
7. The work which was completed on time was appreciated. **(Omit the relative pronoun.)**

**III.Rewrite the sentence according to the instructions given in brackets. (10 marks)**

1. Yoon May Maung said to Thuta Aung, "Why don't you use my computer to make your project?" **(Change the sentence into reported speech.)**
2. Social media platforms has transformed the way young people communicate obviously. **(Change the sentence into passive voice.)**
3. This pretty lady lives next door. She is a heart specialist. **(Join the sentences using suitable relative pronoun.)**
4. Unless you take meditation, you will not reduce stress. **(Join the sentences using "without".)**
5. The calendar that we use today is called the Gregorian calendar. **(Rewrite the sentence omitting the relative pronoun.)**
6. Ma Ma washes the clothes daily. Then she takes a bath. **(Join the sentences using ' before'.)**
7. People believe that money is the best way to find happiness. **(Change the sentence into impersonal passive sentence.)**
8. Tun Mg did not heed his school lessons and he went out to play games. **(Rewrite the sentence using 'participle phrase'.)**
9. The presenter did not speak slowly enough for the audience to understand. **(Rewrite the sentence using ' too ––––– to'.)**
10. My friend is very generous. We borrow his stationery whenever we forget something. **(Join the sentences, using an appropriate relative pronoun or relative adverb.)**
11. If the chairman does not sign for the endorsement, his secretary will do it. **(Join the sentence using ' either ––––– or'.)**
12. U Ba attended a debate. He was not invited. **(Join the sentence using 'without'.)**
13. I will never forget the first day. I met you on this day. **(Join the sentences, using an appropriate relative pronoun or relative adverb.)**
14. The police fined the man once. He never drives without license. **(Join the sentences and start with ' After the man ––––'.)**
15. We saw students climbing up Mt. Popa. They went on a geology field trip. **(Join the sentences, using an appropriate relative pronoun or relative adverb.)**
16. The manager communicated so effectively that the boss was satisfied with his skill. **(Rewrite the sentence with ' The manager was such ––––––––'.)**
17. The play was very amusing. It was written by William Shakespeare. **(Join the sentences, using an appropriate relative pronoun or relative adverb.)**
18. U Tin has accepted what was happening so he can manage stress.**(Rewrite the sentences, using ' participle phrase'.)**

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

19. A father's word was a great encouragement. It made me successful. (**Join the sentence using ' not only ----- but also ' to put an extra emphasis'.**)
20. The boys playing football broke the window – pane. (**Rewrite the sentences using ' It is /was ------ who / that pattern'.**)
21. As you do not know about this matter, it is better for you. (**Join the sentences, using 'the more / less / –er'.**)
22. Students always praise their teachers and school. (**Rewrite the sentence beginning with ' Students are always proud ------'.**)
23. Parents don't let their child go to school alone. They fear that he or she will meet with an accident. (**Rewrite the sentence using appropriate 'subordinating conjunction'.**)
24. A tourist thanked the trishaw man who helped him. (**Rewrite the sentence beginning with ' A tourist was grateful ------'.**)
25. The thief did not run slow enough for them to catch. (**Rewrite the sentence using ' too ----- to'.**)
26. The lecturer spoke too gently for us to hear what she said. (**Rewrite the sentence using ' enough to'.**)
27. No sooner could the child walk well than he ate hard food. (**Rewrite the sentence using ' As soon as'.**)
28. Despite wanting to mend broken relationship, he gave up. (**Rewrite the sentence using ' Although'.**)
29. Being very thirsty, Nyo Mg swigged a bottle of water. (**Rewrite the sentence using appropriate ' subordinating conjunction'.**)
30. Mg Thara was such a realistic writer that we read all his books. (**Rewrite the sentence using ' so ----- that'.**)
31. I were not I am so I would like to be you. (**Rewrite the sentence using appropriate ' subordinating conjunction'.**)
32. U Min will come to the wedding reception and so will his wife. (**Rewrite the sentence using ' either ----- or'.**)
33. Zarchi Oo was too astonished to say anything. (**Rewrite the sentence using ' so ------ that'.**)
34. Students don't care if the question is easy or difficult. They have to sit for the exam. (**Join the sentences using 'no matter'.**)
35. The man said to the girl, "Would you mind taking my bag to my home when your office is over? " (**Change the sentence into reported speech.**)
36. No letter was sent to reply. (**Change the sentence into active voice.**)
37. A distance doesn't matter between us. You are always in my heart. (**Join the sentences using ' no matter'.**)
38. As it was extremely hot, we couldn't go outside. (**Join the sentences using linking word ' owing to'.**)
39. People are using up natural resources. We are facing energy shortage. (**Join the sentences using linking word ' as a result'.**)
40. I didn't know your e–mail address, so I didn't contact you. (**Join the sentences using conditional ' if '.**)
41. Father said, "Don't you go to school regularly?" (**Change the sentence into reported speech.**)
42. Students use dictionaries. The reason is that they would look up the meaning of a word and its usage. (**Join the sentences using ' in order that'.**)
43. Ma Ma cooked our meal listening to the radio. (**Rewrite the sentence, using ' an introductory phrase'.**)
44. I remember the pleasant incidents in my childhood. It is not yesterday. (**Join the sentences, using ' as if '.**)
45. Taunggyi is a famous city for its festival of hot – air balloon flight in Tazaung Daing. I enjoy visiting it. (**Rewrite the sentence using ' Noun in apposition '.**)
46. The manager asked his men if they understood what he explained. (**Change the sentence into direct speech.**)
47. The speaker carried on talking. The interruption happened to her. (**Join the sentences, using ' as if '.**)
48. Some advertisements interest us and give us pleasure in some degree. (**Rewrite the sentence, using ' an introductory phrase'.**)
49. No one makes anything special today. (**Change the sentence into passive voice.**)
50. My father doesn't speak English well and my mother doesn't either. (**Join the sentences, using ' Neither of '.**)
51. When we turn to friendly sources of energy, we will produce little pollution.(**Rewrite the sentence, using ' parallel structure'.**)

## Answers

### III. Grammar

**Modal auxiliaries: can, should, must** (A) 1. should 2. have to 3. mustn't 4. can 5. must 6. must 7. don't have to

**Relative clauses** (A) 1. I met the woman who wrote the famous novel. 2. My father, who is an architect, designed this building. 3. The Eiffel Tower, which was built in 1889, is a popular tourist attraction. 4. I know a girl who speaks five languages fluently. 5. She visited the city where her parents were born. 6. I remember the day when I met her. 7. The car whose engine makes a strange noise belongs to Mr. Smith. 8. He showed me the painting which he bought last year. 9. The student whose project was selected for the competition is very hardworking. 10. My brother, who has always been an excellent student, won a scholarship. 11. He told me the reason why he was late. 12. The man whose wallet was stolen called the police. 13. Do you remember the year when we first met? 14. My father, who is an architect, designed this building.

**Participle phrases** (A) 1. Running toward the gate, the dog barked loudly. 2. Watching the sunset, they felt peaceful and calm. 3. Freshly baked, the cake smelled delicious. 4. Waving her hands, the woman shouted loudly. 5. Excited about the trip, the students started packing their bags.

**It is / was … who / that …** (A) 1. It was the dog that saved the child from drowning. 2. It was U Myo who explained how to drive a car. 3. It was this stunning portrait that the artist painted. 4. It was the documents that I forgot to bring to the meeting. 5. It was the singer who performed a beautiful song.

**Not only … but also** (A) 1. Not only did he study for hours, but he also passed the exam. 2. Not only does the hotel offer free breakfast, but it also provides a swimming pool. 3. Not only does she like playing tennis, but she also enjoys watching movies. 4. Not only did they enjoy the concert, but they also took great photos. 5. Not only is he an excellent cook, but he is also a great baker. 6. Not only has the company launched a new product, but it has also expanded to international markets. 7. Not only does she have a talent for painting, but she also has a passion for photography.

**Subordinating conjunctions in adverbial clauses**

1.**Despite** it being cold/ the cold weather, they went out for a walk. 2. I'll call you **when** I finish my homework. 3. As soon as the bell rang, the students left the classroom. 4. The meeting ended after they discussed the plan. 5. You won't understand the lesson **unless** you pay attention. 6. I need help **whenever** I have a problem with my computer. 7. The concert was **so** amazing **that** people couldn't stop talking about it. / It was such an amazing concert that people couldn't stop talking about it. 8. Take your phone **in case** you need it later. 9. He will stay home **as long as** he feels sick. 10. She can't use her phone **until** she finishes her homework.

**No matter who, whose, ….** (A) 1. **No matter which** restaurant we choose, he will join us for dinner. 2. **No matter how** tired she is, she will keep working. 3. **No matter who** you are, I trust you because you're my best friend. 4. **No matter who** tries to bring her down, she will succeed. 5. **No matter whether** it rains or snows, we will get there. 6. **No matter where** the hotel is, they will stay there. 7. **No matter how** important the decision is, she will make it carefully. 8. **No matter how** the rules work, he'll follow them. 9. **No matter what** the situation is, I will help you. 10. **No matter how** the weather is, she's going to the party.

**Linking words to show cause and effect** (A) 1. He didn't get enough sleep, and **as a result,** he felt tired all day. 2. The event was canceled **due to** the organizer falling ill. 3. He was punished **as a consequence of** not following the rules. 4. We arrived late **because** the traffic was heavy. 5. Sales decreased **as a result of** the company raising its prices. 6. The company cut costs. Consequently, profits increased. 7. The company lost money **because of** a decline in sales.

**Conditionals**

1. **If** he had studied for the test, he wouldn't have failed. 2. **If** she hadn't missed the bus, she wouldn't have been late for work. 3. **If** they had remembered to bring the tickets, they could have entered the concert. 4. **If** he ate vegetables every day, he **would** feel better. 5. **If** she took the bus to work, she **would** arrive early. 6. **If** I exercised regularly, **I would** stay healthy. 7. **If** we had left earlier, we wouldn't have missed the train. 8. **If** you touch a flame, it **burns.**

**Verbs followed by a noun group and a bare infinitive / Verbs followed by a noun group and a to–infinitive**

1. apologize 2. to arrive 3. to finish 4. fly 5. call 6. to send 7. to take

**To / in order to / so as to / so that / in order that**

1. She wore a jacket **so that** she wouldn't feel cold. 2. She studied all night **in order to** be ready for the presentation. 3. I spoke slowly **so that** everyone could understand. 4. We arrived early **in order to** get good seats. 5. They planned the event carefully **in order that** everything would go smoothly.

**As if / As though**

1. She speaks **as if** she is hiding something. 2. He talks **as if** he wants everyone to hear him. 3. The man looks **as if** he were waiting for someone. 4. He sits by the window **as if** he were lost in thought. 5. The restaurant is full **as if** it were a very popular place. 6. He behaves **as if** he knows everything. 7. She holds a paintbrush **as if** she were about to paint a masterpiece. 8. The child looks at the stars **as if** he were an astronaut.

**Introductory phrases**

1. With admiration, he looked at the painting. 2. To avoid waking anyone, she entered the room quietly. 3. **Listening attentively,** the students followed the teacher's instructions. 4. **Not wanting to disturb anyone,** she closed the door gently. 5. **Hoping for good news,** she picked up the phone. 6. **To catch the bus,** she left the house early. 7. **Through the park,** they walked in the early morning.

**Omission of relative pronouns**

1. The place they are going to is beautiful. 2. The boy wearing a red shirt is my brother. 3. The song she is singing is my favorite. 4. The report **submitted** yesterday was detailed. 5. The teacher teaching math is very kind. 6. The house **built** last year is beautiful. 7. The work **completed** on time was appreciated.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉–၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## စစ်ကိုင်းမြို့၌ Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**စစ်ကိုင်း ဇန်နဝါရီ ၁၂**



စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade–11 နှင့် Grade–12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အသင်္ခယာခန်းမ၌ ပြုလုပ်သည်။

**ဖွင့်လှစ်ပို့ချ**

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်းက နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ Grade–11 နှင့် Grade–12 ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာများ သင်ကြားပေးနိုင်ရေးအတွက် ဥပဒေပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများကို ပြန်လည် သင်ကြားပေးနိုင်ရေးအတွက် သင်တန်းတွင် ပို့ချပေးမည့် ဥပဒေပညာဘာသာရပ်များကို လေ့လာမှတ်သားသင်ယူကြရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်က ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူး ဦးရဲထွဋ်က ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် စစ်ကိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါ Grade–11 နှင့် Grade–12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် စစ်ကိုင်းမြို့ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၂၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၁၁၊ ၁၂၊ ၁၈၊ ၁၉ ရက်များတွင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေကျင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းဆောင်ရွက်

**ရွှေကျင် ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် ရွှေကျင်မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်လတ်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ညီညီလွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့တို့ ပူးပေါင်းကာ ဈေးအတွင်းလျှပ်စစ်မီးသုံးစွဲမှုနှင့် မီးချိတ်၊ မီးကပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဈေးသူဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## မင်းဘူး(စကု)မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး



**မင်းဘူး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိစက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ပညာပေးခြင်းအစီအစဉ်များကို မင်းဘူးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက်စံနှုန်းများနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိမှု ရှိ/မရှိ စစ်ဆေးခြင်း၊ စက်သုံးဆီအရောင်းဆိုင်များတွင် အရန်သင့်ထားရှိရမည့် မီးသတ်ဆေးဘူးအရွယ်အစားနှင့် အရေအတွက်၊ စက်သုံးဆီကန်အမျိုးအစားအလိုက် စနစ်တကျသိုလှောင်၊ ဖြန့်ဖြူးထားရှိမှု၊ လောင်စာဆီများ ယိုစိမ့်မှု မဖြစ်ပေါ်စေရေးနှင့် ဆီဖြည့်စက်များအား စနစ်တကျကိုင်တွယ်အသုံးပြုရောင်းချစေရေး၊ ရေလှောင်ကန်၊ ရေစုကန်များနှင့် အပေါ့စားမီးငြိမ်းသတ်စက်များ အရန်သင့်ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သောမီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းထားရှိရေးကို အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။ **မောင်မောင် (မင်းဘူး)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် –

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# အထွေထွေသုံးနည်းပညာများ၏ ပါဝါပြန်လည်ဖြန့်ဝေနိုင်စွမ်းနှင့် ၂၁ ရာစု နည်းပညာများ

နီဇော်သစ်

ယခုနှစ်ပိုင်းအတွင်း ခေတ်စားလာသည့် အရပ်သုံး အေအိုင် Chat GPT ကို မသုံးဖူးလျှင်ပင် ကြားတော့ ကြားဖူးနေလောက်ကြပါပြီ။ ထိုနာမည်ထဲမှ GPT သည် General Purpose Technology ကို အတိုကောက်ပြုထားခြင်းဖြစ်သည်။ အထွေထွေသုံးနည်းပညာ။ တကယ်တော့ Chat GPT သာမက လက်ရှိ အများသုံး၊ စမ်းသပ်ခန်းသုံး၊ စစ်သုံး အေအိုင်အားလုံးသည် အထွေထွေသုံးနည်းပညာအဆင့်သို့ မရောက်ကြသေး။ သို့သော် ၂၁ ရာစု အထွေထွေသုံးနည်းပညာလှိုင်းတစ်ခုဖန်တီးဖို့ စတင်ရုန်းကန်နေကြသည့် ဂယက်များဆိုသည်ကတော့ သေချာသည်။

တကယ်တော့ အထွေထွေသုံးနည်းပညာများသည် တိုက်ခိုက်ရေး ပါဝါကိုသာမက လူ့အဖွဲ့အစည်း၏ အရေးကြီးဆုံး အင်္ဂါအစိတ်အပိုင်းများဖြစ်ကြသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ပါဝါများအားလုံးကိုပါ ပြန်လည်ဖြန့်ဝေနိုင်စွမ်းရှိ၏။ ထိုသို့လုပ်နိုင်ခဲ့သည်ကိုလည်း ရှေ့က အထွေထွေသုံးနည်းပညာများက ပြသသွားပြီးသား။ ယခုဆောင်းပါး၏ ရည်ရွယ်ချက်မှာ ရှေ့က အထွေထွေသုံးနည်းပညာများအကြောင်းနှင့် ထိုနည်းပညာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုအကြောင်း၊ ယနေ့ခေတ် အထွေထွေသုံးနည်းပညာအဖြစ်သို့ ဦးတည်နေသည့် အေအိုင်နှင့် အခြားနည်းပညာအပေါင်းအစု၏ အလားအလာများနှင့် အထွေထွေသုံးနည်းပညာအဖြစ် ပြောင်းလဲသွားချိန်တွင် ပါဝါပြန်လည်ဖြန့်ဝေမှုကို မည်သို့ရင်ဆိုင်ကြမလဲဆိုသည့်အကြောင်းများကို အကျဉ်းမျှ ဆွေးနွေးတင်ပြလိုခြင်းဖြစ်သည်။ သို့သော် မည်မျှပင် အကျဉ်းဟုဆိုစေကာမူ အကြောင်းအရာ၏ ကျယ်ပြန့်မှုကြောင့် ဆောင်းပါးတစ်ပုဒ်တည်းဖြင့် အပြီးဆွေးနွေးနိုင်စရာမမြင်ပါ။ ထို့ကြောင့် ဤဆောင်းပါးတွင် ရာသလောက်နှင့်ဖြတ်ပြီး နောက်ပိုင်း ဆက်လက်ဆွေးနွေးပါမည်။

**ကျောက်လက်နက်များ**

လူ့သမိုင်းတစ်လျှောက် အကြီးမားဆုံး အကျိုးသက်ရောက်မှုရှိပြီး လူတို့၏ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်တို့ကို အကျိုးပြုခဲ့သည့် အထွေထွေသုံးနည်းပညာများတွင် ပထမဆုံးပေါ်ပေါက်ခဲ့သည့် နည်းပညာမှာ ကျောက်လက်နက်များဟုဆိုလျှင် မမှားနိုင်။ လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၄ သန်းမှ ၁ ဒသမ ၄ သန်းအထိ ရှင်သန်နေထိုင်ခဲ့ကြသည်ဟု ရှေးဟောင်းသုတေသနပညာရှင်များ၊ မနုဿဗေဒပညာရှင်များ ခန့်မှန်းထားကြသည့် ဟိုမိုဟားဘလစ္စ (Homo Habilis) ဟုခေါ်သော ကျွန်တော်တို့၏ဘိုးဘေး ပရိုင်းမိတ်တို့သည် ကျောက်လက်နက်ကို စတင်အသုံးပြုခဲ့ကြသည်။ ဟိုမိုသည် ကျွန်တော်တို့လို လူသား ဒီအင်န်အေဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုလိုပြီး ဟားဘလစ္စသည် လက်တင်လို 'ကျွမ်းကျင်သူ'ဟု အဓိပ္ပာယ်ရသည်။ အဆိုပါ 'လူကျွမ်းကျင်' တို့သည် ခြေနှစ်ဖက်ပေါ် မတ်မတ်ရပ်ပြီး လက်နှစ်ဖက်ကို ကျွမ်းကျွမ်းကျင်ကျင်သုံးနိုင်နေကြပြီ။ ကမ္ဘာကျော် နိုင်ငံရေးသိပ္ပံ ဒဿနပညာရှင် ကားလ်မာ့က်စ် လွန်စွာအလေးပေးခဲ့သော လူသားတို့၏ လက်ကို အသုံးချနိုင်စွမ်းနှင့် လုပ်အား၏ကနဦးကာလဟု ဆိုနိုင်သည်။

ကျောက်လက်နက်ကြောင့် လူသားတို့သည် အစာကွင်းဆက်တွင် တစ်ဆင့်တက်လာသည်။ ယခင်က အသီးအရွက်နှင့် အသေသားတို့ကိုသာ အဓိကစားနေရရာမှ ပိုမိုကျွမ်းကျင်သော အမဲလိုက်သမားများ ဖြစ်လာသည်။ ယခင်က ရှောင်တိမ်းခဲ့ရသော သားရဲကြီးများကို ကျောက်လက်နက်၊ အုပ်စုအင်အားတို့ဖြင့် သားကောင်များဖြစ်စေခဲ့သည်။ လတ်ဆတ်သောအသားကို စားရခြင်းကြောင့် ခန္ဓာကိုယ်တည်ဆောက်မှုကို ပိုမိုအားကောင်းစေပြီး ဆင့်ကဲတိုးတက်မှုကို ထောက်ပံ့ပေးသလို အုပ်စုဝင်ဦးရေလည်း တိုးပွားစေခဲ့သည်။

> ❛ ထုံးတမ်းစဉ်လာ အဆင့်မြင့်စစ်လက်နက်များကို အရပ်သုံးနည်းပညာတစ်ခုက ရင်ပေါင်တန်း ယှဉ်ပြိုင်အနိုင်ယူခဲ့သည်။ စစ်ပွဲကြီးတစ်ပွဲလုံး ရပ်မသွားသည့်တိုင် ကိယက်ဗ်ကို သုံး၊ လေးရက်နှင့် အရသိမ်းပြမည်ဟု ကြွေးကြော်လာသော ကျူးကျော်သူတို့၏မာန်စွယ်ကို ချိုးနှိမ်ပြီး တိုင်းပြည်ကို အားဖြည့်ဖို့ အချိန်ရစေခဲ့ ❜

**မီးကိုအသုံးချမှု**

လူသားတို့သည် တောမီးနှင့် မိုးကြိုးပစ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းတို့မှ မီးကို တွေ့ဖူးကြပြီးသား။ သို့သော် မီးကိုအသုံးချနိုင်မှုမှာ လွန်ခဲ့သော နှစ်ပေါင်း ၁ ဒသမ ၉ သန်းခန့်မှ နှစ်ပေါင်း တစ်သိန်းဝန်းကျင်လောက်အထိ ရှင်သန်နေထိုင်ခဲ့သော ဟိုမိုအီရက်တပ်(Homo Erectus)တို့ခေတ်တွင်မှ စတင်သည်။ ရောဝတီမြစ်ညာပိုင်းတွင် တူးဖော်တွေ့ရှိခဲ့သည့် အညာသားယဉ်ကျေးမှုမှာ အဆိုပါ ဟိုမိုအီရက်တပ်များဖြစ်လောက်သည်။ (ပုံတောင်ပုံညာ ပရိုင်းမိတ်များနှင့် မရောထွေးစေချင်ပါ။ ထိုပရိုင်းမိတ်များက များစွာပိုစောသည်။)

မတ်ရပ်လူဟု အဓိပ္ပာယ်ရသော အဆိုပါ ကျွန်တော်တို့၏ ဘိုးဘေးတို့သည် မီးကိုအသုံးချနိုင်ခြင်းဖြင့် ရာသီဥတုဒဏ်ကို ပို၍ခံနိုင်လာသလို သားရဲများရန်မှလည်း ပိုမိုကင်းဝေးလာသည်။ အကြီးမားဆုံး သက်ရောက်မှုမှာ ချက်ပြုတ်စားသောက်တတ်လာခြင်းပင်။ ချက်ပြုတ်စားသောက်ခြင်းကြောင့် အစာစားရချိန်တိုလာသည်။ အူလမ်းကြောင်းကလည်း အစာကို ယခင်လောက် မခြေရတော့သောကြောင့် တိုလာသည်။ လူ့ခန္ဓာကိုယ်တွင် ဦးနှောက်နှင့် အစာခြေအင်္ဂါအဖွဲ့အစည်းမှာ စွမ်းအင်အများဆုံးသုံးသည့်နေရာများဖြစ်ရာ အစာခြေသည့်ဘက်က စွမ်းအင်အသုံးလျော့လာခြင်းသည် ဦးနှောက်ဖွံ့ဖြိုးမှုကို များစွာအထောက်အကူဖြစ်စေခဲ့သည်။ ယင်းမှာ လူပညာရှိဟု ကိုယ့်ကိုယ်ကိုယ်နာမည်ပေးထားသည့် ကျွန်တော်တို့ ဟိုမိုဆေပီယန် (Homo Sapien) များ၏ ဦးနှောက်သစ်တော်လှန်ရေးကို ဦးတည်စေခဲ့သည်။ ထို့ကြောင့် မီးအသုံးချသည့်နည်းပညာကို အထွေထွေသုံးနည်းပညာစာရင်းသွင်းထားရခြင်းဖြစ်သည်။



ယင်းမှာ လူသားတို့အစဟု ဆိုနိုင်သည့်ကာလက အထွေထွေသုံးနည်းပညာနှစ်ရပ်၏ အသက်ရှင်ရပ်တည်ရေး (လူမှုရေး)၊ ရှာဖွေစားသောက်ရေး (စီးပွားရေး)နှင့် အုပ်စုဖွဲ့နေထိုင်ရေး (နိုင်ငံရေး)တို့အပေါ် သက်ရောက်မှုများကို အကျဉ်းချုပ်ဖော်ပြထားခြင်းဖြစ်သည်။ ထိုမျှလောက်ဆိုလျှင်ပင် နည်းပညာ၏ လူသားတို့အပေါ် မည်မျှအကျိုးသက်ရောက်နိုင်စွမ်းရှိသည်ကို မြင်နိုင်ပါသည်။ နောက်အပိုင်းများတွင် နောက်ပိုင်း အထွေထွေသုံးနည်းပညာများအကြောင်း ဆက်လက်ဆွေးနွေးသွားပါမည်။

References:

- Sapiens by Yuval Noah Harari
- The Coming Wave by Mustafa Suleyman
- Catching Fire by Richard Wrangham
- International News.

## တရုတ်ရဲတပ်ဖွဲ့ဝင်များအသုံးပြုရန်အတွက် စက်ရုပ်များတီထွင်ထုတ်လုပ်ရန် အထူးဓာတ်ခွဲခန်းတည်ဆောက်မည်

ပေကျင်း ဇန်နဝါရီ ၁၂

တရုတ်နိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များ အသုံးပြုရန်အတွက် စက်ရုပ်များ တီထွင်ထုတ်လုပ်ရန် အထူးဓာတ်ခွဲခန်းကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် တည်ဆောက်မည်ဟု သိရသည်။

စီချွမ်ပြည်နယ် ချန်ဒူးအခြေစိုက် Sichuan Bionic Robotics Technology Co., Ltd. နှင့် Chengdu High-Tech Industrial Development Zone ၏ လုံခြုံရေးဗျူရိုတို့သည် ၎င်းဓာတ်ခွဲခန်းကို ပူးတွဲတည်ထောင်ရန် ပူးပေါင်းဆောင်ရွက်မည်ဟု သိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် မြို့ပြစီမံခန့်ခွဲမှုတွင် စက်ရုပ်များ၏ ပေါင်းစပ်ဆောင်ရွက်မှုကို မြှင့်တင်ပေးမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၏ထိရောက်မှုနှင့် မြို့ပြအုပ်ချုပ်ရေး၏ ဘေးကင်းမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Sichuan Bionic Robotics Technology Co., Ltd. မှ တီထွင်ခဲ့သော ခြေလေးချောင်းစက်ရုပ်ခွေး "Lingtong" ကို ယမန်နှစ် ဒီဇင်ဘာ ၅ ရက်က ချန်ဒူးတွင် ပွဲဦးထွက်ပြသခဲ့သည်။

၎င်းရဲစက်ရုပ်ခွေးများတွင် အဆင့်မြင့်ဉာဏ်ရည်စနစ်ကို ထည့်သွင်းထားပြီး ရှာဖွေစစ်ဆေးခြင်းနှင့် စုံစမ်းခြင်းလုပ်ငန်းများကို အလိုအလျောက်လုပ်ဆောင်နိုင်သည့် စွမ်းရည်များရှိသည်။

စက်ရုပ်ခွေးတစ်ကောင်၏ အလေးချိန်သည် ၅၀ ကီလိုဂရမ်ခန့်ရှိပြီး တစ်စက္ကန့်လျှင် လေးမီတာအမြန်နှုန်းဖြင့် သွားလာနိုင်သည်။ ၎င်းတို့သည် ပြေးခြင်း၊ ခုန်ခြင်း၊ အတားအဆီးကို ရှောင်ရှားခြင်း၊ အလိုအလျောက် လမ်းညွှန်ခြင်းနှင့် ကိုယ်တိုင်အားသွင်းခြင်းစသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်သည်။




ချန်ဒူး စက်မှုဖွံ့ဖြိုးတိုးတက်ရေးဇုန် ပြည်သူ့လုံခြုံရေးဗျူရိုမှ ရဲအရာရှိများက စက်ရုပ်ခွေးများကို ဗုံးရှင်းလင်းခြင်း၊ အရေးပေါ်အခြေအနေများနှင့် အဆိပ်သင့်သော ပတ်ဝန်းကျင်များကဲ့သို့ အန္တရာယ်ရှိသော အခြေအနေများတွင် အသုံးပြုကြောင်း ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဉက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၈၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# အသင်းဟောင်းကို ဒုတိယအကြိမ် ပြန်လည်ကိုင်တွယ်တဲ့ နည်းပြတွေထဲမှာ ဘယ်နည်းပြတွေ အောင်မြင်မှုရပြီး ဘယ်နည်းပြတွေ ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်ခဲ့ရသလဲ

ဘောလုံးလောကမှာ နည်းပြတွေအနေနဲ့ အသင်းတစ်သင်းကို စတင်တာဝန်ယူချိန်မှာ အောင်မြင်မှု ရရှိခဲ့ပြီး အဲဒီအသင်းကို အောင်မြင်မှုနဲ့ လမ်းခွဲခဲ့ရတာရှိသလို ရှုံးနိမ့်မှုနဲ့ လမ်းခွဲခဲ့ရတာတွေလည်း ရှိပါတယ်။ အခုဖော်ပြပေးသွားမယ့် နည်းပြတွေကတော့ အသင်းတစ်သင်းနဲ့အတူ ပထမအကြိမ်မှာ အောင်မြင်မှုရရှိခဲ့ပြီး ဒုတိယအကြိမ်မှာ အောင်မြင်မှုမရရှိခဲ့တဲ့နည်းပြ၊ ပထမအကြိမ်မှာ အောင်မြင်မှု မရခဲ့ပေမယ့် ဒုတိယအကြိမ်မှာ အောင်မြင်မှုရခဲ့တဲ့နည်းပြနဲ့ ပထမအကြိမ်ရော ဒုတိယအကြိမ်မှာပါ အောင်မြင်မှုရခဲ့တဲ့ နည်းပြတွေအကြောင်း ဖြစ်ပါတယ်။

## မော်ရင်ဟို

နည်းပြမော်ရင်ဟိုဟာ ပေါ်တိုအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ရယူဆွတ်ခူးနိုင်ခဲ့ပြီးနောက် "စပါယ်ရှယ်ဝမ်း"ဆိုတဲ့ အမည်ကိုယူပြီး နည်းပြကလော်ဒီယိုရာနီရီရဲ့ နေရာကို ဆက်ခံဖို့ ချယ်လ်ဆီးအသင်းဆီ ပထမဆုံးအကြိမ်ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ မော်ရင်ဟိုဟာ အဲဒီလို ရောက်ရှိလာခဲ့ပြီးနောက် သူ့ရဲ့ပထမဆုံး ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းအတွက် ဝေးကွာနေရတဲ့ ပရီမီယာလိဂ်ဆုဖလားကို နှစ်ပေါင်း ၅၅ နှစ်တာကာလအတွင်းမှာ ပထမဆုံးအကြိမ် ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒ့ါပြင် မော်ရင်ဟိုဟာ အက်ဖ်အေဖလားတစ်ကြိမ်နဲ့ အီးအက်ဖ်အယ်လ် ဖလားနှစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်နဲ့ အဆင်မပြေမှုတွေရှိခဲ့လို့ ၂၀၀၄ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ချယ်လ်ဆီးအသင်းနဲ့ လမ်းခွဲခဲ့တာ ဖြစ်ပါတယ်။ မော်ရင်ဟိုဟာ ၂၀၁၀ ပြည့်နှစ်အတွင်းက အင်တာမီလန်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား အပါအဝင် တစ်ရာသီအတွင်း ဆုဖလားသုံးလုံးကို ရရှိခဲ့ကာ ၂၀၁၂ ခုနှစ်အတွင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ စပိန်လာလီဂါဖလားကို ဆွတ်ခူးခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်အတွင်းမှာ စတမ်းဖို့ဒ်ဘရစ်ချ်ကို ပြန်လည်ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၄–၂၀၁၅ ဘောလုံးရာသီအတွင်းမှာ နည်းပြမော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ဆုဖလားနဲ့ အီးအက်ဖ်အယ်လ်ဖလားတို့ကို ရယူပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲမှာ ကိုးပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့ရလို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ချယ်လ်ဆီးအသင်းနဲ့ လမ်းခွဲခဲ့ ရတာ ဖြစ်ပါတယ်။ ဒါကြောင့် မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းကို ဒုတိယအကြိမ်မှာလည်း အောင်မြင်မှုနဲ့ နှုတ်ဆက်ခဲ့ရတာလို့ ဆိုရမှာဖြစ်ပါတယ်။

## ရှိုင်းဟော့ဂ်ဆန်

နည်းပြ ရှိုင်းဟော့ဂ်ဆန်ဟာ အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ တစ်ဦးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ပွဲစဉ်မှာ အိုက်စ်လန်အသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲကနေထွက်ခဲ့ရတာကြောင့် အင်္ဂလန်အသင်းနည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့ပြီးနောက် ခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြတာဝန်ကို ၂၀၁၇ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ တာဝန်ယူ ကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို စတင်တာဝန်ယူခဲ့စဉ်မှာ ပရီမီယာလိဂ် ပထမလေးပွဲ နိုင်ပွဲပျောက်ဆုံးခဲ့ပေမယ့် ဘောလုံးရာသီ လေးရာသီဆက်တိုက် အမှတ်ပေးဇယား အလယ်အလတ်အဆင့်မှာ ရပ်တည်နိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ၂၀၂၂–၂၀၂၃ ဘောလုံးရာသီကုန်ပိုင်းမှာ ပက်ထရစ်ဗီရဲရာကို ထုတ်ပယ်ပြီးနောက် ရှိုင်းဟော့ဂ်ဆန်ဟာ ခရစ္စတယ်ပဲလေ့စ်အသင်းဆီကို တစ်ကျော့ပြန်လည်ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ နည်းပြရှိုင်းဟော့ဂ်ဆန်ဟာ ရာသီကုန်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို တန်းဆင်းဇုန်အထက် ငါးမှတ်အကွာ အနေအထားကိုသာ စွမ်းဆောင်နိုင်ခဲ့လို့ နည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရပြီး ရှုံးနိမ့်မှုနဲ့သာ နှုတ်ဆက်ခဲ့ရတာဖြစ်ပါတယ်။

## အန်ဆန်လော့တီ

အန်ဆန် လော့တီဟာ ၂၀၁၃ ခုနှစ်အတွင်းက နည်းပြမောင်ရင်ဟိုရဲ့နေရာမှာ အစားထိုး နည်း ပြ အ ဖြစ် တာဝန် ယူ ကိုင်တွယ်ဖို့ ရီးယဲလ် မက် ဒရစ်အသင်းဆီ ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ အန်ဆန်လော့တီဟာ ဂါရတ်ဘေးလ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့သလို ရီးယဲလ်မက်ဒရစ်အသင်းအတွက်လည်း (၁၀)ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားကို ဆွတ်ခူးပေးနိုင်ခဲ့ပြီး စပိန်ကိုပါဒယ်ရေးဖလားကိုလည်း ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ရာသီမှာလည်း ၂၂ ပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးခဲ့သလို လာလီဂါသွင်းဂိုး ၁၁၈ ဂိုးအထိ ရရှိအောင် အသင်းကို ကိုင်တွယ်နိုင်ခဲ့ပါတယ်။ ဒ့ါပြင် ကမ္ဘာ့ကလပ်အသင်းများဖလားနဲ့ ဥရောပစူပါဖလားတို့ကိုလည်း ရယူပေးနိုင်ခဲ့ပါတယ်။ အဲဒီလို စွမ်းဆောင်ပေးခဲ့ပေမယ့် ဘောလုံးရာသီ နှစ်ရာသီအတွင်းမှာ ဆုဖလားလေးလုံး ရယူ ဆွတ်ခူးနိုင်ခဲ့တဲ့ အန်ဆန်လော့တီကို ဒုတိယရာသီမှာ လာလီဂါဖလား မဆွတ်ခူးနိုင်ခဲ့တာကြောင့် နည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။ အန်ဆန်လော့တီဟာ ၂၀၂၁ ခုနှစ် ဇွန်လမှာ ရီးယဲလ်မက်ဒရစ်အသင်းကို ပြန်လည်ကိုင်တွယ်ခွင့်ရရှိခဲ့ပြီး လက်ရှိအချိန်အထိ သုံးနှစ်ခွဲကာလအတွင်းမှာ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ လာလီဂါဖလား နှစ်ကြိမ်နဲ့ စပိန်ကိုပါဒယ်ရေးဖလားတို့ကို ရယူပေးနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းကို စတင်တာဝန်ယူကိုင်တွယ်တဲ့ ပထမအကြိမ်ထက် အောင်မြင်မှုရရှိခဲ့တဲ့အတွက် ရီးယဲလ်မက်ဒရစ်အသင်းရဲ့ သမိုင်းမှာ အောင်မြင်မှုအများဆုံး ရယူနိုင်ခဲ့တဲ့ နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

## ဇီဒန်း

နည်းပြဇီဒန်းဟာ ရီးယဲလ်မက်ဒရစ် အသင်းနဲ့အတူ ကစားသမား ဘဝ၊ အကြံပေးဘဝ၊ အားကစားဒါရိုက်တာဘဝ၊ လက်ထောက် နည်းပြဘဝတို့ကို ဖြတ်သန်းခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ရာဖေးလ်ဘင်နီတက်ဇ်နေရာမှာ အစားထိုးကာ ရီးယဲလ်မက်ဒရစ်အသင်း နည်းပြတာဝန်ကို စတင်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို စတင်တာဝန်ယူခဲ့တဲ့ ဘောလုံးရာသီ နှစ်ရာသီခွဲအတွင်းမှာ ချန်ပီယံလိဂ်ဖလား သုံးကြိမ် ဆွတ်ခူးပေးခဲ့တဲ့အပြင် လာလီဂါဖလားကိုလည်း တစ်ကြိမ်ဆွတ်ခူးပေးခဲ့ကာ အသင်းနဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရောက်ရှိလာချိန်မှာလည်း ၂၀၁၈ ခုနှစ် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ လီဗာပူးအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် ချန်ပီယံလိဂ်ဖလားကို ထပ်မံရယူပေးနိုင်ခဲ့ကာ အသင်းနဲ့ ထပ်မံလမ်းခွဲပြီး အောင်မြင်မှုနဲ့ အဆုံးသတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။



## အယ်လ်လီဂရီ

နည်းပြအယ်လ်လီဂရီဟာ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက နည်းပြကွန်တီကို ထုတ်ပယ်ခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းနည်းပြ ရာထူးတာဝန်ကို ရယူခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို တာဝန်ယူချိန်မှာ အယ်လ်လီဂရီအနေနဲ့ ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီစီးရီးအေဖလားကို သုံးရာသီဆက်တိုက် ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို အောင်မြင်မှုတွေရခဲ့ပေမယ့် ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တို့မှာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၉ ခုနှစ် မေလမှာ အသင်းနဲ့ လက်တွဲဖြုတ်ခဲ့ပြီး နှစ်နှစ်အကြာမှာ နည်းပြ ပီယာလိုရဲ့ နေရာမှာ အစားထိုးနည်းပြတစ်ဦးအနေနဲ့ အသင်းဟောင်း ဂျူဗင်တပ်အသင်းဆီကို ပြန်လည်ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာချိန်မှာ ကိုပါ အီတာလီယာဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အတ္တလန္တာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး နောက်နှစ်ရက်အကြာမှာ အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အယ်လ်လီ ဂရီအနေနဲ့ ဂျူဗင်တပ်အသင်းဆီ ဒုတိယအကြိမ်အပြန် ခရီးဟာ ရှုံးနိမ့်မှုနဲ့ အဆုံးသတ်ခဲ့ရတာ ဖြစ်ပါတယ်။

## ဒေးဗစ်မိုယက်

ဒေးဗစ်မိုယက်ဟာ ဝက်စ်ဟမ်းအသင်းနည်းပြအဖြစ် နှစ်ကြိမ်တာဝန်ယူကိုင်တွယ်ခဲ့ပြီး နည်းပြဘီလစ်ရဲ့နေရာမှာ အစားထိုးနည်းပြအဖြစ် တာဝန်ယူရတဲ့(၂၀၁၇–၂၀၁၈ ဘောလုံးရာသီ)ပထမအကြိမ်မှာ အောင်မြင်မှုမရရှိခဲ့ပေမယ့် ၂၀၁၉ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ တာဝန်ယူခဲ့တဲ့ ဒုတိယအကြိမ်မှာတော့ ၂၀၂၃ ခုနှစ်က ကျင်းပခဲ့တဲ့ ဥရောပကွန်းဖရင့်လိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဖီအိုရင်တီးနားအသင်းကို အနိုင်ရပြီး ဝက်စ်ဟမ်းအသင်းအတွက် ၄၃ နှစ်အတွင်း ပထမဆုံး အဓိကဆုဖလားတစ်ခုကို ရယူဆွတ်ခူးနိုင်ခဲ့သလို ၁၉၆၅ ခုနှစ်နောက်ပိုင်း ဝေးကွာနေရတဲ့ ဥရောပဆုဖလားကိုလည်း ပထမဆုံးအကြိမ် ရယူဆွတ်ခူးပေးနိုင်ခဲ့တာကြောင့် အောင်မြင်မှုနဲ့ အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ဒေးဗစ်မိုယက်အနေနဲ့ ပရီမီယာလိဂ်တန်းဆင်းဇုန်အထက် တစ်မှတ်အကွာမှာရှိနေတဲ့ အဲဗာတန်အသင်းဆီ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိတော့မှာဖြစ်ပြီး အဲဗာတန်အသင်းအတွက် ဘယ်လောက်စွမ်းဆောင်ပေးနိုင်မလဲ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဘိုင်ယန်မြူးနစ်အသင်း ဇယားထိပ်၌ လေးမှတ်ဖြတ် ဆက်လက်ဦးဆောင်

ဘိုင်ယန်မြူးနစ်အသင်းဟာ မိုချန်ဂလာဘက်ချ်အသင်းနဲ့ ဇန်နဝါရီ ၁၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါပွဲစဉ် (၁၆)မှာ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ လေးမှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဟယ်ရီကိန်းက ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်မှာ သွင်းယူခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ မိုချန်ဂလာဘက်ချ်အသင်းနဲ့ ပွဲစဉ်မှာ ပင်နယ်တီကနေ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပင်နယ်တီစုစုပေါင်း ခြောက်ကြိမ်သွင်းယူခဲ့ရာမှာ ခြောက်ကြိမ်စလုံး ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့တာဖြစ်ပါတယ်။

ဒ့ါပြင် တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ယခုဘောလုံးရာသီအတွင်းမှာ ဘွန်ဒက်လီဂါသွင်းဂိုး ၁၅ ဂိုးအထိ ရှိလာခဲ့တာလည်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိချန်ပီယံ လေဗာကူဆင်အသင်းနဲ့ ပွဲစဉ်တူ ရမှတ်လေးမှတ်ဖြတ်ထားနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ဘွန်ဒက်လီဂါချန်ပီယံဖြစ်ဖို့ အလားအလာကောင်းနေပြီလည်း ဖြစ်ပါတယ်။






**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ ၅၊ (၂)ရပ်ကွက် စိန်ပန်းမြိုင်လမ်းမ၊ မြေကွက်အမှတ်(၂၁၃)၊ ဧရိယာ(၀.၃၇၄)ဧကရှိ နှစ်(၆၀)မြေငှါးဂရန်တွင် ဦးကျော်မောင်မောင်အေး(၁၂/ပဘတ(ပြု)၀၀၀၃၁၄)အမည်ပေါက် မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ပါမြေကွက်နှင့်နေအိမ်ကို နှစ်(၆၀)မြေငှါးဂရန်တွင် အမည်ပေါက်သူ-ဦးကျော်မောင်မောင်အေး (၁၂/ပဘတ(ပြု)၀၀၀၃၁၄)ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသူ ၁။ဦးမျိုးသန့်(၉/ညဥန(နိုင်)၁၄၂၆၅၉) ၂။ဒေါ်မာလာဦး(၈/နမန(နိုင်)၁၂၉၂၂၂)တို့က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင်** (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်** (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ကန့်ကွက်နိုင်ပါသည်။**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ B၊ မြေကွက်အမှတ်-၁၅၂/၁-၁ နှင့် ၁၅၂/၁-၃၊ ဧရိယာ-၀.၀၅၅၁ဧကနှင့် ၀.၀၆၃ဧကရှိ မြေပိုင်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်-၉၀အေ/၁ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးမင်းနိုင်(၁/မကတ(နိုင်)၀၀၁၅၁၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှ တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀ ၁၆၃၅၂၊ ၀၉-၅၅ ၀၆၅၅၆။

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်

### ❑ ပြင်ဦးလွင်မြို့မှ

ပန်းအရေအတွက် နှစ်သိန်းကျော်စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်း ပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ချမ်းအေးသာစံ(ပြန်/ဆက်)**

## ပဲခူးမြို့ ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ် ဆေးပဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ ကျင်းပမည်

ပဲခူး ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူး၍ သံဃာတော်အရှင်သူမြတ်များက စတုတ္ထအကြိမ် မဟာဆေးပဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စတုတ္ထအကြိမ်မြောက် မဟာဆေးပဌာန်း ရွတ်ဖတ်ပူဇော်လှူဒါန်းပွဲကို ပဲခူးတိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘေးအန္တရာယ် ရန်အသွယ်သွယ်မှ မကပ်မရောက် ကင်းစင်လွင့်ပျောက်စေရန်နှင့် ဗုဒ္ဓသာသနာတော်၏အဆီအနှစ်ဖြစ်သော မဟာပဋ္ဌာန်းအဘိဓမ္မာဒေသနာတော်ကြီး နေရောင်လရောင်ပမာ ဝင်းပထွန်းတောက် ကောင်းကျိုးရောက်စေရန် ရည်သန်၍ စေတီတော်မြတ်ကြီးရင်ပြင် ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံကြီး၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၅ နာရီမှ ၂၆ ရက် နံနက် ၅ နာရီအထိ ခုနစ်ရက်တိုင်တိုင် စဉ်ဆက်မပြတ်ရွတ်ဖတ်ပူဇော်ပြီး ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် သံဃာတော်အရှင်သူမြတ်များအား ဆေးပစ္စည်းများနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

### ✪ MFF ဖူဆယ်လိဂ်-၁ မှ

ယခုရာသီတွင် ခြေမှန်ရနေသည့် နာမည်ကြီး MIU အသင်းသည် ရာနှုန်းပြည့်နိုင်ပွဲဖြင့် ဆက်လက်ဦးဆောင်လျက်ရှိပြီး MH Dream Team အသင်းကလည်း နိုင်ပွဲရယူကာ ဖိအားပေးလျက်ရှိသည်။ လက်ရှိချန်ပီယံ VUC အသင်းမှာမူ ရှုံးပွဲဆက်ခဲ့ပြီး ပြင်ဆင်မှုများစွာပြုလုပ်ထားသည့် YRG အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။

ပွဲစဉ်(၅)အပြီးတွင် MIU အသင်းက ၁၅ မှတ်ဖြင့် ဦးဆောင်နေပြီး MH Dream Team အသင်းက ၁၁ မှတ်၊ Generations အသင်းနှင့် M2K အသင်းက ရှစ်မှတ်စီ၊ YRG အသင်းက ခြောက်မှတ်၊ Winner Soccer အသင်းက ငါးမှတ်၊ VUC အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် YCDC Marga အသင်းတို့က လေးမှတ်စီ၊ SGF အသင်းက သုံးမှတ် ရရှိထားသည်။

**ကိုညီလေး**

### ❍ MFF ယူ-၁၅ မှ

ပွဲစဉ်(၂)အပြီးတွင် Mar Rein အသင်းနှင့် ရှိုင်ရယ်ရန်ကုန်အသင်းက ခြောက်မှတ်စီ၊ Burmese Youth အသင်းက လေးမှတ်၊ Golden Light United အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်း၊ Yangon Focus အသင်း၊ Southern Yangon Star အသင်း၊ The Honour အသင်းနှင့် အာသာဝတီအသင်းတို့က သုံးမှတ်စီ၊ မင်္ဂလာဒုံစီးတီးအသင်းက တစ်မှတ်ရရှိထားပြီး ရန်ကုန်တောင်ဇလပ်အသင်းနှင့် မြသီတာအသင်းတို့မှာ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ပွဲစဉ်(၃)ကို ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - MFF**

## MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် နိုင်ပွဲဆက်ပြီး ဟံသာဝတီအသင်း ဒုတိယနေရာရောက်လာ

**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) တတိယနေ့ကို ဇန်နဝါရီ ၁၂ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် နိုင်ပွဲဆက်ပြီး ဟံသာဝတီအသင်း ဒုတိယနေရာ ရောက်လာသည်။



ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယမန်နေ့က ကစားသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း သရေကျခဲ့သဖြင့် ဟံသာဝတီယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရပါက ဒုတိယနေရာ ရယူနိုင်မည်ဖြစ်ရာ အားထည့်ကစားပြီး လိုအပ်နေသည့် အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် မိနစ် ၇၀ ကျော်အထိ တစ်ဂိုးအရှုံးမှ လိုက်ကစားခဲ့ပြီး နောက်ကျအနိုင်ဂိုးဖြင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီ အသင်းသည် လတ်ဝေဘုန်း၊ ရန်နိုင်အောင်၊ ဝင်းမိုးကျော်၊ စိုးကျော်ကျော်၊ ဘိုဘိုအောင်တို့ဖြင့် လူစုံခဲ့သလို ရတနာပုံအသင်းကလည်း ရန်ကျော်စိုး၊ ကြည်စိုး၊ မိုးဆွေ၊ စစ်မုန်း၊ ပြည်မိုးတို့ဖြင့် အမာခံအားလုံး အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြု ကစားသော်လည်း အဆုံးသတ်အားနည်းသဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ၅၉ မိနစ်တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး တိုက်စစ်မှူး ပြည်မိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသဖြင့် ဟံသာဝတီအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၇ မိနစ်တွင် အောင်မြတ်သူက ဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကို ၉၀+၁ မိနစ်တွင် ဝင်းမိုးကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီအသင်းတိုက်စစ်မှူး အောင်မြတ်သူက ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၃၆ မှတ်၊ ရတနာပုံအသင်းက ၁၅ ပွဲကစား ၁၉ မှတ်ရရှိထားသည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် လာမည့်တစ်ပတ်တွင် ရန်ကုန်ယူနိုက်တက်အသင်း၊ ကြားရက်တွင် အာဆီယံကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း အိမ်ကွင်း၌ အမှတ်ပြည့် ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ကျော်ကိုကို၊ ၅၂ မိနစ်တွင် ဘာကာယိုကို၊ မိနစ် ၇၀ တွင် ရင်တာရိုတို့က သွင်းယူပြီး သစ္စာအားမာန် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် ပြည့်စုံအောင်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက် နောက်ခံလူ သက်ဟိန်းစိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၄၃ မှတ်ဖြင့် ဦးဆောင်နေပြီး သစ္စာအားမာန်အသင်းက ၁၅ ပွဲကစား ၁၁ မှတ် ရရှိထားသည်။

ပွဲစဉ်(၁၅) နောက်ဆုံးနေ့အဖြစ် ဇန်နဝါရီ ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရှေဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
## ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ဖော်ပြပါ အဆောက်အဦ/အခန်း/မြေများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါ၍ တင်ဒါပေးသွင်းလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | နေပြည်တော်ပြည်ထောင်စုနယ်မြေ | (၃) ခု |
| (ခ) | ကရင်ပြည်နယ် | (၅) ခု |
| (ဂ) | စစ်ကိုင်းတိုင်းဒေသကြီး | (၈) ခု |
| (ဃ) | တနင်္သာရီတိုင်းဒေသကြီး | (၄) ခု |
| (င) | ပဲခူးတိုင်းဒေသကြီး | (၃၈) ခု |
| (စ) | မကွေးတိုင်းဒေသကြီး | (၄) ခု |
| (ဆ) | မန္တလေးတိုင်းဒေသကြီး | (၂၅) ခု |
| (ဇ) | မွန်ပြည်နယ် | (၉) ခု |
| (ဈ) | ရခိုင်ပြည်နယ် | (၄) ခု |
| (ည) | ရန်ကုန်တိုင်းဒေသကြီး | (၆၃) ခု |
| (ဋ) | ရှမ်းပြည်နယ် | (၃) ခု |

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူမည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဌာနပိုင်အဆောက်အဦ၊ အခန်း၊ မြေနှင့်ပတ်သက်သည့်အချက်အလက်များ၊ တင်ဒါစည်းမျဉ်းစည်းကမ်းများကိုဖော်ပြပါ QR Code များတွင် Download ပြုလုပ်၍လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန Website:tourism.gov.mm တွင် Download ပြုလုပ်၍လည်းကောင်း ရယူနိုင်ပါသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေ | ကရင်ပြည်နယ် | စစ်ကိုင်းတိုင်း ဒေသကြီး | တနင်္သာရီတိုင်း ဒေသကြီး

ပဲခူးတိုင်း ဒေသကြီး | မကွေးတိုင်း ဒေသကြီး | မန္တလေးတိုင်း ဒေသကြီး | မွန်ပြည်နယ်

ရခိုင်ပြည်နယ် | ရန်ကုန်တိုင်း ဒေသကြီး | ရှမ်းပြည်နယ်

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် သက်ဆိုင်ရာရုံးခွဲများတွင် (၁၄-၁-၂၀၂၅) ရက်နေ့မှစတင်၍ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး (၂၇-၁-၂၀၂၅) ရက် (၁၆:၃၀) နာရီနောက်ဆုံးထား၍သတ်မှတ်ထားသော စည်းကမ်းချက်များ နှင့်အညီ ဈေးနှုန်းနှင့် အချက်အလက်များ ပြည့်စုံစွာဖြင့် တင်ဒါပေးသွင်းနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သက်ဆိုင်ရာရုံးခွဲများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## GP ပြန်လည်ရုပ်သိမ်းခြင်း

ဦးဝင်းစိန်(ဘ)ဦးအေဘားနဒ်[၉/မမန(နိုင်)၀၃၁၀၆၀] မှ ဦးကြည်မြ(ဘ) ဦးသိန်းဇံ[၈/မဘန(နိုင်)၁၂၇၇၁၀]သို့ (၂၆-၁၂-၂၀၁၈) ရက်နေ့တွင် ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၂၉/၂၀၁၈) နှင့် (၂၈-၁၂-၂၀၁၈) ရက်နေ့တွင် နောင်ချိုမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၀၄၈/၂၀၁၉) တို့ကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါသည်။

**ဦးဝင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ မြေတိုင်းအမှတ်(၄၈)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-၁ နှင့် ၂-ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၄၀x၆၀)ရှိသော ခြံမြေကွက်(၂)ကွက်အား ဒုဗိုလ်မှူးကြီးမောင်ပု(ငြိမ်း)နှင့် ဒုဗိုလ်မှူးကြီးသန်းဝင်း(ငြိမ်း)တို့အမည်ပါ မြေချပါမစ်မူရင်းများနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဗိုလ်လင်း [၈/မမန(နိုင်)၁၃၂၃၆၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မြင့်[၁၂/ရပသ(နိုင်)၀၃၂၅၆၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးတင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၀၉၃၃၅၇**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့တွင်**
**လစ်လပ်လျက်ရှိသော သွားတုကျွမ်းကျင်(၂)**
**(လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)**
**ရာထူးနေရာ ဖြည့်စွက်ခန့်ထားရန် လျှောက်လွှာခေါ်ယူခြင်း**

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့တွင် လစ်လပ်လျက်ရှိသည့် သွားတုကျွမ်းကျင်(၂) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာ ဖြည့်စွက်ခန့်ထားရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

၂။ **အရည်အချင်းသတ်မှတ်ချက်**

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်၊

(ဂ) သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာ (Dip D.T) အောင်မြင်ထားသူဖြစ်ရမည်၊

(ဃ) လျှောက်လွှာပိတ်သည့်(၂၁-၂-၂၀၂၅)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊

(င) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန/ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်သည်၊ (ကြိုတင်မိတ္တူပေးပို့၍ လျှောက်ထားနိုင်ပါသည်၊ ရွေးချယ်ခံရပါက မူလရာထူးမှ နုတ်ထွက်နိုင်သူဖြစ်ရမည်၊ ပင်စင်အလို့ငှာသာ လုပ်သက်ဆက်စပ်ခွင့်ရှိသည်)၊

(စ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(ဆ) ကျန်းမာရေးကောင်းမွန်ရမည်၊

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal) ခြင်း၊ ရာထူးမှထုတ်ပယ် (Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ **လျှောက်လွှာတွင်အောက်ပါအချက်အလက်များပါဝင်ရမည်-**

(က) အမည်၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်)၊

(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ၊

(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

(စ) ရရှိသည့်ဘွဲ့၊ခုနှစ်၊တက္ကသိုလ်၊

(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာ၊

(ဇ) ဖုန်းနံပါတ်။

၄။ **လျှောက်လွှာနှင့်အတူအောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်-**

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာ(Dip D.T)အောင်လက်မှတ် မိတ္တူ၊

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက်(မူရင်း)၊

(ဃ) လွန်ခဲ့သည့်တစ်လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊

(င) အလုပ်သမားမှတ်ပုံတင်မှုရင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ဆရာဝန် ထောက်ခံချက် ဆေးလက်မှတ်မူရင်းပါရှိရမည်၊

(စ) မည်သည့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ကိုမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါမည်ဟု ကတိပြုဝန်ခံချက်၊

(ဆ) သွားတုကျွမ်းကျင်(၂)အဖြစ် ခန့်ထားခြင်းခံရပါက ဤဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ် (၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

(ဇ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့်အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း။

၅။ `လျှောက်လွှာများကို (၂၁-၂-၂၀၂၅)ရက်နေ့(၁၆:၀၀)နာရီ နောက်ဆုံးထား၍ (ရုံးချိန်အတွင်း) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) (နေပြည်တော်)သို့ လိပ်မူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီးရောက်ရှိပေးပို့လာသော လျှောက်လွှာများကို(လုံးဝ) လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော် (ဖုန်း-၀၆၇-၃၄၁၁၃၆၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခင်ထူး၏သမီး မနွေဦးမွန် [၇/ပမန(နိုင်)၁၆၀၇၅၀] ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၆၂၁၅၈၄**

## ပျောက်ဆုံးကြောင်း

(ဘ) ခင်မောင်ထွေး၏သား မောင်ဝင်းနိုင်ထွန်း [၁၂/ရပသ(နိုင်)၁၂၀၀၅၁] ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-895246) သည် ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၄၇၃၃၆၄**

## ဒေါက်တာ ဦးအောင်ကို

အိမ်တိုင်ရာရောက်(discount )
နားပေါက်ကျယ်ချုပ်သည်၊ နားပေါက်ဖောက်သည်။
နဂိုအတိုင်း လှပစွာ ချုပ်ပေးသည်၊
တစ်ပေါက် (၁၅၀၀၀၀)ကျပ်၊ နှစ်ပေါက် (၃၀၀၀၀၀)ကျပ်။
Ph: 09-777747223, 09-772038930

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | HDPE ပိုက်နှင့်ပိုက်ဆက်ပစ္စည်း(၆)မျိုး | ၁၄၂၂ လုံး |
| (ခ) | တာယာ/ သံပြား(၂)မျိုး/နုန်းသဲ | ၁၀၀ စုံ/၈ တန်/၅၁၀၀ ကျင်း |
| (ဂ) | Flood Control Pump/Stainless Steel ရေတံခါး(၃)ချပ်/Steel Sheet Pile နှင့် Precast Concrete Bearing Pile | 3 Lots |
| (ဃ) | Precast Drain(710 Rft)/Precast Drain(290 Rft) | 2 Lots |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁ -၂၀၂၅ ရက်နေ့မှစ၍ရောင်းချမည်ဖြစ်ပြီး (၂၁-၁-၂၀၂၅) ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ၂ (S-71)၊ မြေကွက်အမှတ်-ပဥ္စမတန်းစား(၁၄၈)၊ အကျယ်အဝန်း (၀.၀၄၃) ဧက (၁၈၅၆)စတုရန်းပေရှိ ဦးတင်လှအမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၅၆)ဟုခေါ်တွင်သော မြေအကျိုးခံစားခွင့်အရပ်ရပ်သက်သက်(အဆောက်အဦအကျိုးခံစားခွင့်မပါ)မြေကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်လှ [၁၂/တမန(နိုင်)၀၅၄၅၂၇]ထံမှ ဦးလှမြင့် [၁၂/မဂတ(နိုင်)၁၁၃၅၆၉]က အဆိုပါမြေ၏ တန်ဖိုးငွေကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေသက်သက် အရောင်းအဝယ်အတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံအထောက် အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသောကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ရုံး အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၃၁၇၂**

**ဦးလှမင်း (ပေါင်းတည်) LL.B (ADVOCATE) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၅၅/၉၁)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၁၂၅၄၊ သခင်အုန်းဖေကြီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်နန့်ချစ်ခက်(WKA-၁၆၂၈၉၄) အမည်ပေါက်မြေအကျယ်ပေ (၄၀x၆၀) ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)ထုတ်ပေးမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သား ဦးဇော်ထွန်း-သမီး ဒေါ်ယဉ်ယဉ်ရွှေနှင့် ဒေါ်သိန်းသိန်းအေး**

**ဖုန်း-၀၉-၅၁၁၄၃၁၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မေယုလမ်းသွယ်၊ အမှတ်-၄၄၆/ခ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၄၄၆/ခ၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိ နေအိမ်အဆောက်အဦ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးရဲလင်းကျော် (ဘ) ဦးတင်ဦး [၁၂/သကတ(နိုင်)၁၄၇၄၃၁]ကိုင်ဆောင်သူက အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အပြင် အပိုင်ဝယ်ယူသူ အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် လိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအားလုံးကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းယုဇနလှိုင်(LL.B) ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၄၀) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၉၇၉၉၅၅၁၁၁**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရန်မင်း (ခ) ဦးရန်မင်း
**(တရုတ်စာသင်ဆရာကြီး) (မြောင်းမြ/ပုသိမ်)**
## အသက်(၉၃)နှစ်

မြောင်းမြမြို့နေ (ဦးမောင်လှ-ဒေါ်ကျင်စိန်)တို့၏သား၊ ပုသိမ်မြို့နေ(ဦးရှမ်း-ဒေါ်ကျင်အေး)(ဒေါင်းတံဆိပ်ထမင်းဆိုင်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ်-၂၁၊ မြေညီ (A+B)နေ (ဦးမင်းဝေ)-ဒေါ်မြင့်မြင့်အေး(ပြည့်ဝချမ်းသာ)၊ ဒေါ်မိုးမိုးခိုင်(J.A.T-ငြိမ်း၊အ.မ.က-၃၊ ပန်းဘဲတန်း)၊ ဦးမင်းလွင်-ဒေါ်နီနီလှိုင်၊ ဦးငွေးမောင်-ဒေါ်အေးအေးခိုင်(စင်ကာပူ)၊ ဦးကျော်ကျော်စိုး(ဩစတြေးလျ)၊ ဦးမြင့်နိုင်(မိုးသောက်မိတ္တူ)-ဒေါ်သူသူအောင်တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုး၊ (ဒေါ်ခင်ကြည်) တရုတ်စာသင်ဆရာမကြီး၏ ချစ်လှစွာသောခင်ပွန်းသည် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်) ၁၀-၁-၂၀၂၅(သောကြာနေ့) ညနေ ၅:၁၅ နာရီတွင် ကွယ်လွန် အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၄-၁-၂၀၂၅(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၂၅ (ကြာသပတေးနေ) နံနက်တွင် ဘုရားအမှူးပြုသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေလိုပါသောကြောင့် အထက်ပါနေအိမ်သို့ နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ အကွက်အမှတ်(၄၂/စိုက်ပျိုးရေးရပ်)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀.၇၂၄)ဧကအား ဒေါ်မိုးမိုးသဲပါ (၇)ဦး [၅/ကလထ(နိုင်)၁၅၁၂၀၀] (ဘ)ဦးဖိုးစီမှ မြေငှားဂရန်အသစ်လျှောက်ထားမှုအားကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်မိုးမိုးသဲ**
**ဖုန်း-၀၉-၉၅၃၀၇၇၆၄၆**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၀)၊ သူကြွယ်လမ်း၊ မြေကွက်အမှတ်(၄၂၆-က)၊ ဦးအေးလွင် [၁၂/လကန(နိုင်)၀၆၈၈၃၅] အမည်ပေါက်သည့် အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ပါမစ်မြေအား ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ပါမစ်အမည်ပေါက် ဦးအေးလွင်ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဥက္ကာအေး (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၄၁/၁၄.၆.၁၈)**
**အမှတ်(၁၇၈၊ ပ-ထပ်)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉၄၂၀၀၀၄၂၆၉**

### "ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဇေယျဝတီ(၆)လမ်း၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်၊ အမှတ်(၂၂၅၇) ၊ အကျယ်အဝန်း (၁၀ပေx၆၀ပေ) ခြေရင်းခြမ်းရှိ အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တရားဝင် ရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဒေါ်ကောင်းငွေ [၉ /တသန(နိုင်)၁၁၀၈၈၅] ကိုင်ဆောင်သူထံမှ ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဒေါ်စေးဆဲမူး[၁၄/အမန(နိုင်)၁၃၆၀၀၇]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးညီညီလွင်( LL.B,DBL )**
**အထက်တန်းရှေ့နေ (စဉ်-၅၀၉၃၂)**
**အမှတ်(၄၀၇/၄၁၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၃၈၅၀၉၈၊ ၀၉-၄၅၀၃၉၅၈၆၀**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ မြေကွက်အမှတ်(၁၉၇)၊ စိန်ချယ်လမ်း၊ (၁၃ x ၄၀)ပေ ရှိသော မူလရွာမြေအမျိုးအစား မြေကွက်အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူရရှိထားသူ ဖြစ်သော ဦးဝင်းတင်ကို [၁၂/ဥကမ(နိုင်)၁၄၃၅၃၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်စုထက်မင်းလွင်[၁၂/အဖန(နိုင်)၁၁၉၃၄၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် (၉-၁-၂၀၂၅)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ပြုလုပ်မည့်မြေကွက်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် LLB, WIPO (Switzerland )**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၂၇၇၄ )**
**၄၃/သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်မှတ်(၂၉၉)၊ အကျယ်အဝန်း(၂၅ ပေx ၇၅ ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ရွှေကမ်းသာယာအိမ်ရာ၊ ဘလောက်(၂၆/၂ဒီ)၊ (၃)လမ်း၊ မြေကွက်အမှတ်(၂၉၉)ဟု ခေါ်တွင်သောမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို အရပ်ကတိစာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ထားသူ ဦးဇော်ဦး[၁၂/ကမရ(နိုင်)၀၁၆၇၇၇]မှ လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေကအရောင်းအဝယ်ပြု လုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်နေမှစ၍ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LL.B.,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်(၆၇၈)၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၇၂၉၁၉၊ ၀၉-၉၇၄၀၀၀၈၃၉**

### (၈-၁-၂၀၂၅)ရက်စွဲ ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ပါ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ကိုဝေလင်းမြတ် [၁၃/တကန(နိုင်)၁၉၃၅၀၈]နှင့် အများသိစေရန် ပြန်လည်ဖြေရှင်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မခင်မြတ်မွန်သိန်း [၁၂/ဒဂတ(နိုင်)၁၀၅၇၅၉] ကိုင်ဆောင်သူ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေနှင့် ကိုဝေလင်းမြတ်တို့သည် (၂၄-၁၀-၂၀၂၄)ရက်နေ့တွင် တရားရုံးတော်တွင် လက်ထပ်ထိမ်းမြားကာ တရားဝင်ပေါင်းသင်း လက်ထပ်ပြီးနောက် မိဘညီအစ်ကိုများ၏ သဘောတူညီချက်ဖြင့် ညှော့ခံပွဲပြုလုပ်ကာ ပေါင်းသင်းနေထိုင်ခဲ့ကြသည့် ဇနီးမောင်နှံဖြစ်ပါသည်။ ထိုသို့ပေါင်းသင်း နေထိုင်စဉ်ကာလအတွင်း ကျွန်ုပ်၏မိတ်ဆွေမှဇနီးမယား တစ်ယောက်၏ တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပျက်ကွက်ခြင်းမရှိပါ။ မိမိခင်ပွန်း၏မိဘ၊ ဆွေမျိုးများအား ချစ်ကြောက်ရိုသေစွာ မိသားစုလုပ်ငန်းကိုလည်း ကျန်းမာရေးမကောင်းသည့်အချိန်များတွင်ပါ မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းလုပ်ကိုင်ပေးခဲ့ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေမှ ခင်ပွန်းသည်အလိုကျ အိမ်ထောင်ရေး အဆင်ပြေစေရန် ကြိုးစားခဲ့ပြီး အိမ်ထောင်သည်တစ်ဦးပီသစွာ ကြိုးစားနေထိုင်ခဲ့ပြီး ခင်ပွန်းသည် အပေါ် မိဘဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများကြားတွင် ဂုဏ်သိက္ခာကျဆင်းစေပြီး အရှက်ရစေမည့် အပြုအမူမျိုး လုံးဝမပြုလုပ်ခဲ့ပါ။ အိမ်ထောင်သက် သက်တမ်းကာလတိုအတွင်း လင်မယား သဘာဝစကားများ ရန်ဖြစ်ခဲ့ခြင်းအပေါ် ယောကျ်ားသားနှင့် မိန်းမသား အင်အားချင်းမမျှ၍ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဒဏ်ရာရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကိုဝေလင်းမြတ်၏ ကြေညာချက်သည် အမှန်တရားများအား ဖုံးကွယ်ထားကာ မိမိ၏ ဇနီးသည်အပေါ် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေပြီး၊ အရှက်ရစေသည့်အတွက် အဆိုပါ ကြေညာချက်အား (၇)ရက်အတွင်း ရုပ်သိမ်းကြောင်း ကြေညာပေးရန်နှင့် ကိုဝေလင်းမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ ပေးပို့လာသည့် အထက်တန်းရှေ့နေ ဒေါ်ပြုံးမာလွင်၏ နို့တစ်စာအပေါ် တစ်ဖက်သတ် စွပ်စွဲချက်များဖြစ်၍ ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ပြီး ဇနီးမယားတစ်ယောက်၏ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများအား တောင်းဆိုသွားမည်ဖြစ်ကြောင်း ကိုဝေလင်းမြတ်နှင့် အများသိစေရန် ပြန်လည်ဖြေရှင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်သွယ်သွယ်ထွေး | ဒေါ်စုစုသက်ဝေ | ဒေါ်ခင်ချမ်းမြေ့လှိုင် |
|---|---|---|
| (LL.B, D.B.L) | (LL.B) | (LL.B) |
| (စဉ်-၁၄၂၃၇) | (စဉ်-၁၈၈၉၃) | (စဉ်-၁၈၈၉၂) |

**တရားလွှတ်တော်ရှေ့နေများ (Advocates)**
**အမှတ်-၄၆၄၊ ရန်ကုန်-အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၄၁၁၃၇၊ ၀၉-၇၉၃၁၃၂၈၁၁**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၇၊ မြေကွက်အမှတ်-၉၆၇၊ မြေကွက်တည်နေရာအမှတ်-၉၆၇၊ ဗညားဒလလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးခင်မောင်အေး)(CJ-026622)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား မြေအမည်ပေါက် ဦးခင်မောင်အေး(ဖခင်) နှင့် ဒေါ်တင့်တင့်(မိခင်)တို့ အသီးသီး ကွယ်လွန်သွားပါသဖြင့် သားသမီးများဖြစ်သော ဒေါ်သင်းသင်းအေး [၁၂/ဗတထ(နိုင်)၀၂၀၇၃၅]၊ ဦးကျော်သန့်ဇင် [၁၂/ဗတထ(နိုင်)၀၂၁၅၆၂]၊ ဦးဝင်းလွင်အောင် [၁၂/ဗတထ(နိုင်)၀၂၀၇၄၂]တို့မှ ၎င်းတို့သာ မွေးဖွားခဲ့ကြောင်းနှင့် အခြားကိုတ္တိမ သားသမီးမွေးစားခဲ့ခြင်းလည်းမရှိကြောင်း၊ ၎င်းတို့သာလျှင် အမွေဆက်ခံပိုင်ဆိုင်လာပြီး အခြားအမွေဆက် ခံမည့် သူတစ် ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူ ဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ ဝရဇာ(၅)လမ်း၊ မြေကွက်အမှတ် (၅၉၉/က) ပေ(၂၀x၆၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၅၉၉/က)ဟုခေါ်တွင်သော ကန်ထရိုက်(၅)ထပ်တိုက်၏ ပေ(၁၈x၅၄) ကျယ်ဝန်းသည့် ဒုတိယထပ်(၃)လွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်တင်တင်စိုး[၁၂/တကန(နိုင်)၁၀၀၁၈၇]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်းကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP) | ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP) |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉) | အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄) |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(အေးသာယာ)ရပ်ကွက်၊ ဗဟို(၃၁)လမ်း၊ L.77 ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ ဦးခင်ကြည်အမည်ဖြင့် ချထားပေးသောစလစ်မြေကွက်၏ (အရှေ့လှည့်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဦးမျိုးသက် [၈/ခမန(နိုင်)၁၃၄၉၆၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်လဲ့ပြုံး [၁၁/ရသတ(နိုင်)၀၅၇၃၆၄]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက် အရောင်းအဝယ်အား တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

| ဦးကျော်ဇေယျ (LL.B) | ဒေါ်နော်ဆည်းဇာ(LL.B) |
|---|---|
| (စဉ် ၁၃၁၈၁/၁၇) | (စဉ် ၁၂၆၃၇/၁၇) |
| ဒေါ်မြင့်မြင့်သန်း (LL.M) | ဒေါ်ဝေမာနွယ် (LL.B) |
| (စဉ် ၁၃၂၄၀/၁၇) | (စဉ် ၁၄၇၁၁/၁၈) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉ ၅၁၇၃၇၅၈**

## သင့်သွေးဖြင့် အသက်ကယ်ပါ

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်-၇၉၅နေ ဦးသန်းဝေ [၁၂/လကန(နိုင်)၀၃၃၅၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးသန်းဝေ[ ၁၂/လကန(နိုင်)၀၃၃၅၀၃ ]နှင့် ဒေါ်မြမြဝင်း[ ၁၂/တမန(နိုင်) ၀၀၂၅၃၂]တို့သည် (၁၂-၂-၁၉၉၅)ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာကြပြီး သမီးတစ်ယောက်မွေးဖွားခဲ့ပါသည်။ ၎င်းတို့ပေါင်းသင်းနေထိုင်စဉ်အတွင်း ကျွန်ုပ်၏မိတ်ဆွေမှဒေါ်မြမြဝင်းအား အထွေထွေကိုယ်စားလှယ်လွှဲစာ တစ်စောင် ပေးအပ်ထားရှိပါသည်။ (၇-၁-၂၀၂၅)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဝေနှင့် ဒေါ်မြမြဝင်းတို့မှာ နှစ်ဦးသဘောတူတရားဝင်ကွာရှင်းကြပြီးဖြစ်ပါသဖြင့် ၎င်းအားပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဦးသန်းဝေနှင့် မည်သို့မှ သက်ဆိုင်ခြင်းမရှိပါကြောင်း ဒေါ်မြမြဝင်းနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူခိုင်(စဉ်-၉၁၁၂)တရားလွှတ်တော်ရှေ့နေ**
**(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-443030376, 09-795559856**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ




## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...

❖ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အား ဇန်နဝါရီ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၁၂**

ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်(Floral Fantasia 2024)သို့ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

**ကျင်းပသွားမည်**

အဆိုပါ ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်း ပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများပြသသည့် ဇုန်တစ်ခုအပါအဝင် ဇုန်ရှစ်ခုပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ ၂၀ စုစုပေါင်း

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❑



ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၅)အပြီးတွင် MIU အသင်း ငါးပွဲဆက် အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၅)ကို ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ MIU အသင်း ငါးပွဲဆက်အနိုင်ရပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပွဲစဉ်(၅)တွင် MIU အသင်းက Generations အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ M2K အသင်းက လက်ရှိချန်ပီယံ VUC အသင်းကို သုံးဂိုး-တစ်ဂိုး၊ MH Dream Team အသင်းက YCDC Marga အသင်းကို ငါးဂိုး-နှစ်ဂိုး၊ YRG အသင်းက ဖူဆယ်ချစ်သူအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Winner Soccer အသင်းက SGF အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

### ကမ္ဘာတစ်ဝန်း ပြန်လည်ရှင်သန်လာသည့် ခရီးသွားလုပ်ငန်း



နိုင်ငံတကာ ဆောင်းပါး

စာမျက်နှာ » ၁၂

### အသင်းဟောင်းကို ဒုတိယအကြိမ် ပြန်လည်ကိုင်တွယ်တဲ့ နည်းပြတွေထဲမှာ ဘယ်နည်းပြတွေ အောင်မြင်မှုရပြီး ဘယ်နည်းပြတွေ ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်ခဲ့ရသလဲ

စာမျက်နှာ » ၂၅

## MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲတွင် Mar Rein အသင်းနှင့် အာသာဝတီအသင်း အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၄-၂၀၂၅ MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ (ရန်ကုန်ဇုန်)ပွဲစဉ်(၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပရာ Mar Rein အသင်းနှင့် အာသာဝတီအသင်းတို့ အနိုင်ရခဲ့သည်။

**နှစ်ပွဲဆက်အနိုင်ရ**

ဒုတိယနေ့တွင် Mar Rein အသင်းက Yangon Focus အသင်းကို ငါးဂိုး-တစ်ဂိုး၊ အာသာဝတီအသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်(၂)အပြီးတွင် Mar Rein အသင်းနှင့် ရှိုင်းရယ်ရန်ကုန်အသင်းသာ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍



Mar Rein အသင်းနှင့် Yangon Focus အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။